ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday 21 November 2019 ၉၈၄၀

# ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မဖြစ်မနေတည်ဆောက်သွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ
(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့
ပေးပို့သည့် သဝဏ်လွှာ
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )
ချစ်ခင်လေးစားအပ်ပါသော နိုင်ငံသူနိုင်ငံသား အပေါင်းတို့ခင်ဗျား-

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၁ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် နိုင်ငံသူနိုင်ငံသားအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာဆုံးရှုံးပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်နေချိန်တွင် ဆင်းရဲချို့တဲ့သော ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းများကို ကန့်သတ်ချုပ်ချယ်ထားသည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေ (၁၉၂၀)ကိုပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ပြင်းပြပြီး နိုင်ငံရေးအမြင်ထက်သန်၍ နိုးကြားတက်ကြွသော ရန်ကုန်ကောလိပ်ကျောင်းသား ကျောင်းသူများက

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



နိုင်ငံတော်သမ္မတဦးဝင်းမြင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာမိုဆမ်မိုဟာမက်ဒီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အီရန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာမိုဆမ်မိုဟာမက်ဒီအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံဆက်ဆံရေးနယ်ပယ်တွင်သာမက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အတွင်း ပိုမိုတိုးမြှင့်ဖော်ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်တလုံးကြီးမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာကြရာ ကျောက်တလုံးကြီးမြို့သို့ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အမျိုးသားအောင်ပွဲ

ယနေ့သည် ၂၀၁၉ ခုနှစ် (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်း အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံနှင့် အမျိုးသားနေ့ အနှစ်သာရကို သိရှိထားသင့်သည်။ အမျိုးသားအောင်ပွဲနေ့ ဟူသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ်၌ ဗြိတိသျှအစိုးရက ကြေညာခဲ့၍ ထိုဥပဒေကိုမကျေနပ်သဖြင့် ပထမဆုံးကန့်ကွက်သည့် ကျောင်းသားသပိတ်ဆင်နွှဲသည့်နေ့ဖြစ်သည်။

နယ်ချဲ့အစိုးရကို ပထမဆုံးအန်တုထိုးနှက်ခဲ့သော မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သွားသည့် ကျောင်းသားလှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာရာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်း ၁၄၅ ကျောင်းအထိ ရှိလာခဲ့သည်။ နယ်ချဲ့အစိုးရကို ပထမဆုံးဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသပိတ်မှောက်သည့်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် အရေးကြီးသဖြင့် အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် ဂျီစီဘီအေ နဝမကွန်ဖရင့်၌ အဆိုတင်သွင်းခဲ့ပြီးနောက် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင်ကျင်းပသည့် ဂျီစီဘီအေ အထူးကွန်ဖရင့်က တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အမျိုးသားနေ့ပေါ်ပေါက်လာပုံကို ရှေးလူတို့ ထဲထဲဝင်ဝင် သိရှိကြသော်လည်း နှောင်းလူတို့အနေဖြင့် အကြမ်းဖျင်းသာ သိရှိကြပေလိမ့်မည်။ တစ်ဖန် ထိုသပိတ်မှောက်သောနေ့ကို အမျိုးသားနေ့လား၊ အမျိုးသားအောင်ပွဲနေ့လား ကွဲကွဲပြားပြား သိရှိထားသူများလည်း နည်းပေလိမ့်မည်။ ထို့ကြောင့် အမျိုးသားနေ့၊ အမျိုးသားအောင်ပွဲနေ့၊ ပထမဆုံးသပိတ်မှောက်သည့်နေ့ စသည်တို့ကို ခွဲခြားမှတ်သားလေ့လာသင့်သည်။ မိမိတို့နိုင်ငံ၏ ထင်ရှားသော သမိုင်းကြောင်းများကို ရေရေရာရာသိပါမှ မိမိနိုင်ငံအကျိုးကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ကျောင်းသားသပိတ်ကိုအကြောင်းပြုသည့် အမျိုးသားနေ့သည် ၁၉၂၂ ခုနှစ်ရောက်မှ အတည်ပြုပေါ်ပေါက်လာသည်။ ကျောင်းသားသပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်လိုက်ပြီးနောက် ထိုနေ့နီးလာသည်နှင့် ကျောင်းသားဟောင်းကြီးများက အမျိုးသားကျောင်းရှိသောမြို့များတွင် အမျိုးသားလှုပ်ရှားမှုများ ပြုလုပ်ရန် နှိုးဆော်ခဲ့သည်။ ပထမဆုံးအမျိုးသားနေ့ကို ခရစ်နှစ် ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသားနေ့စတင်ကျင်းပစဉ်က ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မဟုတ်။ အမျိုးသားကျောင်းများက အမျိုးသားနေ့ကျင်းပစဉ် အစိုးရကျောင်းများက စာသင်မပျက်။ ၁၉၃၄ ခုနှစ် ဒေါက်တာဘမော် ပညာရေးဝန်ကြီးဖြစ်လာမှ အမျိုးသားနေ့တွင် ကျောင်းများအားလုံးပိတ်ကာ မျက်နှာမငယ်သောအမျိုးသားနေ့ ဖြစ်လာသည်။ သို့သော် အစိုးရလခစားဆရာများအုပ်ချုပ်မှုအောက်တွင် ကျင်းပသဖြင့် အမျိုးသားကျောင်းများနှင့် မတူကွဲပြားနေသည်။ ၁၉၃၇ ခုနှစ် ဒေါက်တာဘမော် ဝန်ကြီးချုပ်ဖြစ်လာမှ အမျိုးသားနေ့ကို အများပြည်သူရုံးပိတ်ရက်သတ်မှတ်ပြီး မြန်မာတစ်မျိုးသားလုံး စုပေါင်းကျင်းပလာနိုင်ခဲ့သည်။

ထိုမှ အမျိုးသားနေ့ရောက်သည်နှင့် ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ ကျောင်းသားကျောင်းသူများ၏ ပဒေသာကပွဲ၊ ဆရာကြီးဦးရာဇတ်၏ အစီအစဉ်ဖြင့် စက္ကူဒေါင်းအလံလေးများ ရောင်းချရငွေဖြင့်ပြုလုပ်သည့် နိဗ္ဗာန်ဈေးပွဲ စသည့် ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲ တစ်နိုင်ငံလုံးဆင်နွှဲသည့် အမျိုးသားအောင်ပွဲနေ့ ဖြစ်လာသည်။ ကျွန်ပညာရေးစနစ်၊ ကျွန်အုပ်ချုပ်ရေးစနစ်အောက်မှ လွတ်မြောက်ရေးအတွက် မြို့တွင်းလှည့်လည်ကြွေးကြော်ကြသည့် အမျိုးသားအောင်ပွဲနေ့ အစစ်အမှန်ဖြစ်လာသည်။

အချုပ်အားဖြင့်ဆိုရလျှင် အမျိုးသားနေ့သည် သာမန်နေ့ထူးတစ်နေ့ မဟုတ်၊ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားထက်သန်စေသည့် အနှစ်သာရများ လွှမ်းခြုံထားသော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကြာမီကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်း၏ ဖိတ်ကြားချက်အရ ဘူဆန်မြို့တွင်ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု(USIP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace - USIP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူး Mr. Jason Tower နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပမည့် အစီအစဉ်၊ ဆိုရှယ်မီဒီယာပေါ်တွင် အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေမှု မရှိစေရေးကာကွယ်သွားမည့်အစီအစဉ်၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းမှန်ပြန်ကြားရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၆၄၀ | ၁၉,၀၉၈,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၂,၆၁၂ | ၁၀,၀၀၆,၂၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၁,၈၈၈ | ၄၃,၀၆၁,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၃၁၀ | ၉၃၀, ၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

**ရန်ကုန်(ရွှေဈေး)** ၁၁၈၉၀၀၀ **မန္တလေး(ရွှေဈေး)** ၁၁၈၉၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၂၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၉.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၅၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၃.၅ |

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

»» ရှေ့ဖုံးမှ

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်)နေ့မှစတင်၍ သပိတ်မှောက်ခဲ့ကြရာမှ တစ်နိုင်ငံလုံးသို့ အရှိန်အဟုန်ဖြင့် အမျိုးသားရေးလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအမျိုးသားရေးလှုပ်ရှားမှုကြီးကို အကြောင်းပြု၍ အမျိုးသားအထက်တန်းကျောင်းများ၊ အမျိုးသားကောလိပ်နှင့် အမျိုးသားပညာရေးကောင်စီတို့ ပေါ်ပေါက်လာခဲ့ပြီး တစ်နိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားလာခဲ့ပါသည်။ အမျိုးသားကျောင်းများတွင် ပညာရေးသာမက မျိုးချစ်စိတ်ဓာတ်များပါ သန္ဓေတည်စေခဲ့ပါသည်။

**စံနမူနာပြ**

မိမိတို့နိုင်ငံ၏အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သော ကောင်းမွေတစ်ခုအဖြစ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် အမျိုးသားရေးစိတ်ဓာတ်များအား ရှင်သန်ကြီးထွားစေခဲ့ပါသည်။ အမျိုးသားကျောင်းများမှ မွေးထုတ်ပေးလိုက်သော မျိုးချစ်လူငယ်များသည် နောင်အခါတွင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာခဲ့ကြသည်ကို ရေနံချောင်းမြို့ အမျိုးသားကျောင်းထွက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စံနမူနာပြလျက်ရှိပါသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ စတင်သပိတ်မှောက်ပြီး အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်နိုးကြားလာအောင် လှုံ့ဆော်နိုင်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ကြောင်း ၁၉၂၁ ခုနှစ်က မန္တလေးမြို့၌ ကျင်းပခဲ့သော ဂျီစီဘီအေအသင်းကြီး၏ နဝမအကြိမ်ညီလာခံတွင် အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။ မြန်မာ့ပညာရေး၊ မြန်မာ့နိုင်ငံရေးနှင့် မြန်မာ့အမျိုးသားရေးတို့ပေါင်းဆုံရာ မြန်မာ့သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ နှစ်စဉ်ကျင်းပခဲ့ကြပြီး ယခုနှစ်ဆိုလျှင် (၉၉) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ယင်းသို့သန္ဓေတည်လာခဲ့သော အမျိုးသားရေးစိတ်ဓာတ်မှတစ်ဆင့် ရရှိလာသည့် တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုဖြင့် ကိုလိုနီနယ်ချဲ့ကို ဆန့်ကျင်ခဲ့ကြသောကြောင့် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ကြပါသည်။

**မဖြစ်မနေတည်ဆောက်**

ယနေ့အချိန်အခါသည် အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ စုပေါင်းစွမ်းအားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးတို့ကို ပြည်သူတစ်ရပ်လုံး စွမ်းစွမ်းတမံ အကောင်အထည်ဖော်ကြရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းပြသောဆန္ဒ၊ ခိုင်မြဲသောစိတ်ဓာတ်၊ မလျှော့သောလုံ့လ၊ အမှားအမှန်ခွဲခြားနိုင်သော ဉာဏ်ပညာအမြော်အမြင်တို့ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မဖြစ်မနေတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

တိုင်းရင်းသားအားလုံး၏ ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာစေရေးအတွက် များပြားလှစွာသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို ကျင်းပနိုင်ခဲ့ကာ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ (၅၁)ချက်ကို သဘောတူညီမှု ရရှိထားပြီဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲ၍ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်လာရန် ရည်မှန်းလျက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀) ရေးဆွဲချမှတ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှု အနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာ ကြိုးစားကြမည်ဆိုပါက ငြိမ်းချမ်းသာယာစွာဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး မဝေးလှသော အနာဂတ်တွင် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

**အလေးအနက်ယုံကြည်**

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားများအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးကို မရမနေ တည်ဆောက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်မှာ လွန်စွာအဓိကကျပါသည်။ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝရသယ်ပိုးလိုသည့် အမျိုးသားရေးစိတ်ဓာတ်၊ ဥမကွဲသိုက်မပျက် အတူတကွ အေးချမ်းစွာနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေမည်ဆိုပါလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ကျရောက်သော (၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ ဖြစ်သည့်-

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ပြည်ထောင်စု ငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
- တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

တို့ကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ ဦးလည်မသုန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**○ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ကျောက်တလုံးကြီးမြို့ ပိုးပန္တကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော် အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီနှင့် ၎င်း၏နေအိမ်၌ ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ ဓာတ်ပုံ - သာဗျော

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြည်တော်သာကျောင်းတိုက်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဇဝနက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများအား အလိုတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်ချီးမြှင့်တော်မူသည်။

ယင်းနောက် စေတီတော်ဦးဆောင်အလှူဒါယကာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဦးအောင်ခမ်းထီက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက်ဆရာတော်ထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စေတီတည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူဒါယကာ၊ ဒါယိကာမနှင့် ဧည့်ပရိသတ်များက ဌာပနာတော်များကို စေတီတော်အထက်ဌာပနာတော်တိုက်သို့ လက်ဆင့်ကမ်းပင့်ဆောင်ပူဇော်ကြပြီး အလှူရှင်များနှင့် သာသနာပြုအဖွဲ့များမှ ဒါယကာများက ဌာပနာတော်များကို သွင်းလှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီနှင့် ၎င်း၏နေအိမ်၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များနှင့် ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**တည်ထားကိုးကွယ်သွားမည်**

တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပိုးပန္တကုန်းတော်၌ ယခုတည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော်မှာ ဉာဏ်တော် ၈၁ ပေ၊ အလျား ၄၁ ပေ၊ အနံ ၃၆ ပေရှိပြီး ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီတော်ပုံစံအတိုင်း တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောက်တလုံးကြီးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြည်တော်သာကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဇဝနက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အလိုတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပေးအပ်ချီးမြှင့်တော်မူစဉ်။ ဓာတ်ပုံ – သက်အောင်



ကျောက်တလုံးကြီးမြို့ ပိုးပန္တကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော် အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ဓာတ်ပုံ– သာဖျော



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဌာပနာတော်များကို စေတီတော် အထက်ဌာပနာတိုက်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ပူဇော်စဉ်။

ဓာတ်ပုံ– သတင်းစဉ်



ကျောက်တလုံးကြီးမြို့ ပိုးပန္တကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော် အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်း အခမ်းအနားကျင်းပစဉ်။

ဓာတ်ပုံ– သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပအိုဝ်းတိုင်းရင်းသူများနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



## ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များနှင့် ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

သတင်း-ရှေ့ဖုံး
ဓာတ်ပုံ-သက်အောင်

၁ ကျောဖုံးမှ

အဆောက်အအုံများအား ငုံလျက်ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ရှေးဟောင်းသုတေသနဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုနည်းပညာရပ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အန်ကောဝပ်ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ ရုပ်လုံးကြွပန်းချီများ၊ ပန်းပုလက်ရာများနှင့် ဗိသုကာလက်ရာများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အန်ကောဝပ်ကျောင်းတော်ကြီးကို ၁၂ ရာစုအစောပိုင်း၌ ဘုရင်သူရိယရာမ (၂)က မြေဧရိယာအကျယ်အဝန်း ၄၀၂ ဧကပေါ်တွင် တစ်တုံးလျှင် ၁ ဒသမ ၅ တန် အလေးချိန်ရှိ သဲကျောက်တုံး စုစုပေါင်း ၁၀ သန်းခန့်ဖြင့် နှစ်ပေါင်း ၃၀ အချိန်ယူ တည်ဆောက်ခဲ့ပြီး အန်ကောဝပ်ဒေသရှိ အဆောက်အဦများအနက် အကြီးဆုံး ဖြစ်သည်။ အန်ကောဝပ်ဒေသအား ၁၉၉၂ ခုနှစ်တွင် UNESCO က ကမ္ဘာ့အမွေအနှစ်ကြီးများစာရင်းတွင် ထည့်သွင်းခဲ့ပြီး ထိန်းသိမ်းထားသည်။

### ဒေသခံပြည်သူများက ပူးပေါင်းပါဝင်

ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၆ သန်းခန့်သည် အန်ကောဝပ်ဒေသသို့ နှစ်စဉ် လာရောက်လည်ပတ်လျက်ရှိပြီး နောင်တွင် ကမ္ဘာလှည့်ခရီးသည် ၅ သန်းခန့်အထိ လာရောက်နိုင်ရေးအတွက် အန်ကောဝပ်ဘုရားကျောင်းအား ရေရှည်တည်တံ့ခိုင်မြဲရန် ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာစစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘေရွန်ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၆ သန်း ခန့်သည် အန်ကောဝပ်ဒေသသို့ နှစ်စဉ် လာရောက်လည်ပတ်လျက်ရှိပြီး နောင်တွင် ကမ္ဘာလှည့်ခရီးသည် ၅ သန်းခန့်အထိ လာရောက်နိုင်ရေး အတွက် အန်ကောဝပ်ဘုရားကျောင်း အား ရေရှည်တည်တံ့ခိုင်မြဲရန် ဒေသခံ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အန်ကောဝပ်ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

# တောမြိုင်စွန်းက လွမ်းအောင်ဖန်မှ ဆင်းသက်လာသော ဦးရွှေရိုး၊ ဒေါ်မိုး

အေးကြူလေး

ပထမဦးဆုံး မြန်မာ့ရုပ်ရှင် မေတ္တာနှင့်သူရာဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရုံတင်ပြသရာ ပရိသတ်များ ရုံပြည့်ရုံလျှံ အပြည့်အဝ အားပေးမှုရသည်။ ဦးအုန်းမောင်တို့၏ ဘားမားဖလင်မှ (၁) မေတ္တာနှင့်သူရာ၊ (၂) ကျေးတောသူမနု၊ (၃) ရွှေပေးလို့မရ၊ (၄)တိမ်တလုံး၊ (၅) စိတ်အာရုံ၊ (၆) ခင်ခင်မှားတော်ပုံ၊ (၇) တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ရုပ်ရှင်ကားများကို ရိုက်ကူးဖြစ်သည်။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ရုပ်ရှင်ဇာတ်ကားကို စာရေးဆရာကြီး ပီမိုးနင်းကပင် ဝတ္ထုဇာတ်လမ်းရေးသားပြီး ဆရာကြီးပီမိုးနင်းကိုယ်တိုင် ပန်းချီဆရာကြီးအဖြစ် ပါဝင်ခဲ့



မြန်မာ့သမိုင်းပြတိုက်တွင် မှတ်တမ်းတင်ထားရှိသော ဦးရွှေရိုး၊ ဒေါ်မိုး ရုပ်တုငယ်

သည်။ ယင်းဇာတ်ကားရိုက်ကူးနေစဉ်အတွင်း ဘားမားဖလင်အစုရှယ်ယာ အချင်းချင်း သဘောထားမတိုက်ဆိုင်သဖြင့် ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်က နုတ်ထွက်သွားသည်။ ခတ်ပုံဆရာကြီး ဦးမောင်မောင်က ဇာတ်ကားရိုက်ကူးနေစဉ်ကာလ ဖြစ်နေ၍ ယခင် ရင်းနှီးပြီးဖြစ်သော မြန်မာအဆွေတိုက်ပိုင်ရှင် ဦးဘညွန့်နှင့် တွေ့ဆုံသည်။ အကြောင်းစုံ ရှင်းလင်းပြောကြားပြီး စီးပွားရေးနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်သော သူဌေးကြီး ဦးဘညွန့်ထံ လက်ဝယ်ရှိသောရုပ်ရှင်ကားများပါ ငွားရမ်းလုပ်ကိုင်ပေးရန် အပ်နှံလိုက်သည်။

### ပညာသင်ကြားပေးရန် ရည်ရွယ်ထား

မြန်မာအဆွေသူဌေးကြီး ဦးဘညွန့်၏ သားသမီးများမှာ (၁)ဒေါ်မြခင် (ဒါရိုက်တာ ဦးတင်ယု၏ မိခင်၊ ဝင်းမာ၊ တိုးညွန့်၊ စန္ဒာတို့၏ အဘွား)၊ (၂) ဦးတင်နွယ် (ဒဂုံဦးမြင့်စိုး၊ မင်းသားဝေဇင်၊ အေဝမ်းလှမျိုးတို့၏ ဖခင်၊ အေဝမ်းသန်းထွဋ်၊ အေဝမ်းသိန်းထွဋ်တို့၏ အဘိုး)၊ (၃) ဦးညီပု (ပထမဆုံးမင်းသား)၊ (၄) ဒေါ်ခင်ခင် (ပထမဆုံးအမျိုးသမီး ကင်မရာမန်း)၊ (၅) ဦးမောင်မောင်စိုး (မင်းသား၊ဒါရိုက်တာ)၊ (၆) ဒေါ်ခင်ညွန့် (မင်းသားသိန်းဇော်၏မိခင်)၊ (၇) ဦးတင်မောင် (အေဝမ်းတင်မောင် မင်းသား၊ ဒါရိုက်တာ)၊ (၈) ဒေါ်ခင်ရီ၊ (၉) ဒေါ်ခင်ထွေးတို့ဖြစ်ကြသည်။ မြန်မာအဆွေသူဌေးကြီး ဦးဘညွန့်က သူ့သားများဖြစ်ကြသော ဦးညီပုနှင့် ဦးတင်ဖေ (မောင်မောင်စိုး)တို့ကို နိုင်ငံခြားသို့ သွားရောက် ပညာသင်ကြားပေးရန် ရည်ရွယ်ထားသည်။ မိသားစုအားလုံး မေမြို့ (ပြင်ဦးလွင်) သို့ သွားရောက်နေထိုင်သည်။

အစ်ကိုအကြီးဆုံးဖြစ်သူ ဦးတင်နွယ်က နှစ်ရှည်လများ နိုင်ငံခြားသို့သွားရောက်ပညာသင်ကြားမည့် ဦးညီပုနှင့် ဦးတင်ဖေတို့အတွက် ဆွေမျိုးမိတ်သင်္ဂဟများ အမှတ်တရအတွက် ရုပ်ရှင်တစ်ကားရိုက်ကူးရန် စိတ်ကူးသည်။ ရုပ်ရှင်ရိုက်ကူးရန် ဖခင်ဖြစ်သူ သူဌေးကြီး ဦးဘညွန့်ကို တင်ပြရာ ခွင့်ပြုချက်ရရှိသည်။ ရုပ်ရှင်ရိုက်ကူးရန်အတွက် ခတ်ပုံဆရာကြီး ဦးမောင်မောင်နှင့် တိုင်ပင်သည့်အခါ ဦးမောင်မောင်က ဝမ်းသာစွာလက်ခံသည်။ ဦးညီပုအား ဇာတ်လမ်းတစ်ခုရှာခိုင်းရာ ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းတစ်ခုကို တောမြိုင်စွန်းက လွမ်းအောင်ဖန် ဟု နာမည်တပ်လိုက်သည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားတွင် ဦးညီပု၊



ဦးဘကလေး(ခေါ်) ဦးရွှေရိုး

ဦးတင်ဖေ (မောင်မောင်စိုး)၊ ဦးဘကလေး (နောင်အခါတွင် ဦးရွှေရိုး)၊ မြိုင်ရာဇာဘိုးစောကြီးတို့နှင့် ရိုက်ကူးရန်ဖြစ်သည်။ ဦးဘကလေးက ငယ်ရွယ်သူဖြစ်သည့်အလျောက် သဘာဝအတိုင်း သရုပ်ဆောင်ချင်သော်လည်း ဦးညီပုတို့၏ တိုက်တွန်းအားပေးမှုကြောင့် မိတ်ကပ်ချကာ သက်ကြီးတစ်ယောက်အဖြစ် သရုပ်ဆောင်ရခြင်းဖြစ်သည်။

### ဇာတ်ကောင်နာမည်ကို ရွှေရိုးဟုပေး

ဇာတ်လမ်းအရ ဦးညီပု (မောင်ဘငွေး) က သတ္တုရှာဖွေရေးသမားဖြစ်ပြီး တောတောင်ရေတံခွန်အနီး သွားရောက်ရင်း ဥစ္စာစောင့်မလေးနှင့် တွေ့သည်။ ဥစ္စာစောင့်မလေးက ကိုယ်ယောင်ပြသဖြင့် ဦးညီပုက လိုက်ဖမ်းခြင်း၊ ကိုယ်ပျောက်သွားခြင်းဖြင့် ကင်မရာလှည့်စားမှုများ ပါရှိသည်။ အိမ်နီးချင်းနောက်ပိုး မောင်မောင်စိုးနေရာတွင် ဦးတင်ဖေ၊ ဦးဘငွေး၏လူယုံတော် ဦးရွှေရိုးနေရာတွင် ဦးဘကလေးတို့ ပါဝင်ကြသည်။ ကာတွန်းဆရာကြီး ရွှေတလေး (ခ) ဘကလေး မှာ မြန်မာအဆွေကုန်တိုက်မှ မန်နေဂျာဖြစ်သည်။ သရော်ချက်ရေးချက်များ ပိုင်နိုင်သဖြင့် ကာတွန်းရေးရာတွင် နာမည်ကြီးသည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားတွင် ဦးညီပု၏လူယုံ၊ ဝတ်ကြီးဝတ်ငယ်ပြုစုရသူအဖြစ် သရုပ်ဆောင်ရပြီး ဇာတ်ကောင်နာမည်ကို ရွှေရိုးဟုပေးထားသည်။ မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားများ လာရောက်အုပ်ချုပ်စဉ် မျက်နှာဖြူအရေးပိုင်တစ်ဦးက ရွှေရိုးကလောင်နာမည်ယူ၍ စာရေးသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မြန်မာနိုင်ငံအကြောင်းစာအုပ်များတွင် မြန်မာများကို နှိမ့်ချရေးသားလေ့ရှိသည်။ ဦးဘကလေးက ထိုရေးသားချက်များကို မခံမရပ်နိုင်အောင် ဖြစ်သဖြင့် တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားတွင် မောင်ဘငွေး၏ အခိုင်းအစေ ဝေယျာဝစ္စလုပ်ပေးရသူ ရွှေရိုးအဖြစ် သရုပ်ဆောင်ခြင်းဖြစ်သည်။ ရွှေရိုးအမည်ကို အခိုင်းအစေအဖြစ် ပြန်လည်အသုံးပြုခြင်းဖြစ်သည်။



ဒေါ်မိုး

ပြင်ဦးလွင်တစ်ဝိုက်တွင် သတ္တုရှာဖွေရေးသမား မောင်ဘငွေး၏အခန်းများကို ရိုက်ကူးကြသည်။ ထိုသို့ရိုက်ကူးရင်း ဥစ္စာစောင့်မလေးအဖြစ် သရုပ်ဆောင်မည့် အမျိုးသမီးတစ်ယောက်လိုနေသဖြင့် ပြင်ဦးလွင်မှ မန္တလေးသို့ ဦးညီပုနှင့် ဦးဘကလေးတို့ ဆင်းကြသည်။ ဥစ္စာစောင့်မလေးနှင့် သင့်လျော်မည့်သူ မန္တလေးတွင် လိုက်လံရှာဖွေသည်။ မန္တလေးတွင် အငြိမ့်ဆရာကြီး ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံတို့၏ အကူအညီဖြင့် ဥစ္စာစောင့်အဖြစ်သရုပ်ဆောင်မည့် မမြညွန့်ကို ရှာတွေ့သည်။ မမြညွန့်သည် ဥစ္စာစောင့်မလေးနေရာနှင့် သင့်လျော်သဖြင့် ကမ်းလှမ်းရာ အဆင်ပြေသွားသည်။ ဇာတ်လမ်းအရ ဥစ္စာစောင့်မလေးက မောင်ဘငွေးအား ကလူကျီစယ်အခန်းများ၊ ကိုယ်ပျောက်လိုက်၊ ပေါ်လိုက်အခန်းများ ပြရသည်။ မောင်ဘငွေးက လိုက်ဖမ်းလိုက်၊ ပျောက်သွားလိုက်၊ ပေါ်လိုက် ပြရသဖြင့် ဥစ္စာစောင့်မလေးနေရာမှာလည်း အရေးပါ၍ စိတ်ဝင်စားစရာကောင်းသည်။ ဥစ္စာစောင့်မလေးက တန်ခိုးဖြင့် ဖန်တုံးကိုပွတ်ကြည့်ရာ အချုပ်ခံထားရသော မောင်ဘငွေးကို တွေ့မြင်ရသည်။ မောင်ဘငွေးအား တုပ်နှောင်ထားသည့် ကြိုးများကို ဖြေလွှတ်၍ မောင်မောင်စိုးကို ထိုကြိုးများဖြင့် ပြန်ချည်တုပ်နှောင်လိုက်သည်။ ပရိသတ်များ စိတ်ဝင်စားမှုအပြည့်အဝရကြပြီး ဥစ္စာစောင့်မလေးအဖြစ် သရုပ်ဆောင်သည့် မမြညွန့်ကိုပါ အားပေးကြသည်။

### ရေပန်းအစားဆုံးဖြစ်

ဇာတ်လမ်းအရ ဦးညီပု၏လူယုံ ဝတ်ကြီးဝတ်ငယ်ပြုစုရသူအဖြစ် ဦးရွှေရိုးက မခင်သစ်၏ အထိန်းတော် ဒေါ်မိုးကို နောက်ပိုးရမည်ဖြစ်သည်။ ထိုသို့သော နောက်ပိုးခန်းများမှာ သဘာဝကျသဖြင့် ပရိသတ်အားပေးရယ်မောကြသည်။ သကြ်ာန်အချိန် ဦးရွှေရိုးက ဒေါ်မိုးကို ရေပြွတ်တိုဖြင့် ရေပက်သည့်အခန်းများ ပွဲကျပြီး ဦးရွှေရိုး၊ ဒေါ်မိုးတို့ရေပက်မှာလားဗျို့ ဟူသော စာသားမှာ ပရိသတ်နှုတ်ဖျားတွင် ရေပန်းအစားဆုံး ဖြစ်သွားသည်။ ခေါင်းပေါင်းစတလူလူ၊ နှုတ်ခမ်းမွေးတကားကားဖြင့် သူ့ရုပ်သွင်တွင် နှုတ်ခမ်းမွေးကို လှုပ်ကာလှုပ်ကာ ကိုယ်ကယိမ်းနွဲ့ကာ စည်းချက်ကျကျကနိုင်သည်။ တောင်ရှည်ပုဆိုးကွက်ကျားမာဖလာပတ်ထားသောသူ့ပုံက ယနေ့အထိ မရိုးနိုင်အောင်ရှိနေသည်။ မြန်မာ့ရိုးရာ အစဉ်အလာပွဲတော်ကြီးများတွင် ဦးရွှေရိုး၊ ဒေါ်မိုးပါမှ ပွဲပိုမိုစည်ကားပေသည်။ ဦးရွှေရိုး၊ ဒေါ်မိုးအကကို ဇာတ်သဘင်မှ ဆင်းသက်လာသည်ဟု အများထင်ကြသည်။ အမှန်ကတော့ တောမြိုင်စွန်းက လွမ်းအောင်ဖန်ဇာတ်ကားမှ ဦးရွှေရိုး၊ ဒေါ်မိုးအက ဆင်းသက်လာခြင်းဖြစ်သည်။ တောမြိုင်စွန်းကလွမ်းအောင်ဖန်တွင် ဦးရွှေရိုး၊ ဒေါ်မိုး နာမည်ကြီးသလို ဦးမောင်မောင်စိုးလည်း ထူးထူးခြားခြား နာမည်ကြီးသည်။ အိမ်နီးချင်း နောက်ပိုး မောင်မောင်စိုးဟူ၍ နာမည်ကျော် သွားသည်။ နောက်ပိုင်းတွင် ဦးမောင်မောင်စိုး ခေါင်းဆောင်မင်းသားအဖြစ် ကားများရိုက်ကူးလာသည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ ပထမဦးဆုံး မြန်မာရုပ်ရှင်ကား



ဦးတင်ဖေ (ခေါ်) ခေါင်းဆောင်မင်းသား မောင်မောင်စိုး

မေတ္တာနှင့်သူရာ ရုံတင်ပြသစဉ်က စန္ဒရားတစ်လုံးတည်းဖြင့် တီးခတ်၍ဇာတ်ပို့ပေးခဲ့သည်။ လွမ်းခန်းဆိုလျှင် အလွမ်းတီးလုံး၊ ထိုးခန်းကြိတ်ခန်းဆိုလျှင် ဗိန်းဗောင်းတီးလုံးစသဖြင့် တီးခတ်ပေးကြရသည်။ ပထမဆုံးကားဖြစ်၍ အဘက်ဘက်က အားနည်းမှုရှိကြသည်။ မြန်မာ့ရုပ်ရှင် ဒုတိယကား ကျေးတောသူမနု ဇာတ်ကားရုံတင်သောအခါ ပို၍ပြည့်စုံလာသည်။ စန္ဒရား၊ တယော၊ မယ်ဒလင်အပြင် ဇာတ်လမ်း ဇာတ်ကွက်နှင့် လိုက်ဖက်မည့် တေးသီချင်းများ အဆိုတော်ဦးဖြိုးက သီဆိုဖျော်ဖြေပေးသည်။ ဘားမားဖလင်က ရုပ်ရှင်ကား ခုနစ်ကား ရိုက်ကူးပြီး အစုရှယ်ယာ အချင်းချင်း စိတ်ဝမ်းကွဲ၍ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင် နုတ်ထွက်သွားသည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားကို စီနီမာဒီပဲရစ်နှင့် ရွှိုင်ရယ်ရုပ်ရှင်ရုံ နှစ်ရုံ တစ်ပြိုင်တည်း ရုံတင်ပြသသည်။ ဇာတ်ပို့တီးခတ်ပေးမည့်တီးဝိုင်းကို တစ်ရုံလျှင် တစ်ဝိုင်းစီတီးခတ်ရသည်။ ရွှိုင်ရယ်ရုံတွင် စန္ဒရား ဦးဘသက်၊ တယော (၁၁) လမ်းကိုမောင်မောင်၊ အဆိုတော် လှည်းတန်း ဦးလူကလေး၊ ဒေါ်အုန်းမေကြီးတို့ ပါဝင်သည်။ စီနီမာဒီပဲရစ်ရုံတွင် စန္ဒရား ဦးသာရှင်၊ တယော ကိုဘရီ၊ အဆိုတော် ပြည်မောင်ကြီး မတင်လှတို့ ပါဝင်တီးခတ် သီဆိုကြသည်။ ပဏ္ဏာမတေးမှာ ကုမ္ပဏီအမည်၊ ဒါရိုက်တာ၊ ဇာတ်ကားအမည်နှင့် ပါဝင်သရုပ်ဆောင်သူများကို မည်မျှကောင်းကြောင်း ကြော်ငြာညွှန်းဖွဲ့ထားခြင်း ဖြစ်သည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန်ဇာတ်ကားမှစ၍ ဇာတ်ဝင်ကိုယ်ပိုင်သီချင်းများကို စတင်ရေးသားသီဆို ဇာတ်ပို့ခဲ့ကြောင်း မှတ်တမ်းတင်ရမည်ဖြစ်သည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားတွင် Camera Trick ရိုက်ကူးမှုများ ပါရှိခြင်း၊ ဦးရွှေရိုး၊ ဒေါ်မိုးအက ပေါ်ထွက်လာခြင်း၊ ဇာတ်ကားနှင့် လိုက်ဖက်သောသီချင်းများကို သီးခြားစပ်ဆိုရေးသားသီဆိုခြင်း၊ ရုပ်ရှင်ရုံနှစ်ရုံ တစ်ပြိုင်တည်း ပြသခြင်း၊ တစ်ရုံလျှင် တီးဝိုင်းတစ်ဝိုင်းစီ တီးခတ်ဇာတ်ပို့ပေးခြင်းတို့ကို တွေ့ရှိရသည်။ တောမြိုင်စွန်းက လွမ်းအောင်ဖန်ဇာတ်ကား အောင်မြင်မှုရသဖြင့် ဦးညီပုနှင့် ဦးမောင်မောင်စိုးတို့ ညီအစ်ကိုနှစ်ဦး နိုင်ငံခြားသို့ ပညာတော်သင်သွားမည့် အစီအစဉ်မှာ ပျက်သွားပေတော့သည်။

### ရိုက်ကူးနိုင်ခဲ့

မြန်မာအဆွေကုမ္ပဏီက ဆက်လက်၍ ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဒါရိုက်တာဦးတုတ်ကြီးနှင့် ဦးညီပုတို့



အစ်ကိုအကြီးဆုံး ဦးတင်နွယ်

တွဲဖက်ရိုက်ကူးသည့် တခိုင်လုံးရွှေ၊ ၁၉၂၅ ခုနှစ်တွင် ဒါရိုက်တာ ဦးတုတ်ကြီးနှင့် ဦးညီပုတွဲလျက် တခိုင်လုံးစိန်ဇာတ်ကား၊ ဦးညီပုကိုယ်တိုင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးသည့် မှိုင်းဝေဝေဇာတ်ကား၊ ဒါရိုက်တာ ဦးညီပုရိုက်ကူးသည့် ပလုတ်တုတ်ဇာတ်ကား၊ ၁၉၂၆ ခုနှစ်တွင် ဦးရွှေရိုး သရုပ်ဆောင်၊ ဒါရိုက်တာလုပ်သည့် တောသားလေး ရွှေရိုးဇာတ်ကား၊ ဦးညီပုရိုက်ကူးသည့် ရွှေမင်းဝံဇာတ်ကား၊ ၁၉၂၇ ခုနှစ်တွင် ဦးညီပုရိုက်ကူးသည့် မြတဘက်၊ ဦးညီပုနှင့် မောင်မောင်စိုး သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးသည့် မြအေးယဉ်ဇာတ်ကား၊ ၁၉၂၈ ခုနှစ်တွင် ဦးတင်နွယ်ရိုက်ကူးပြီး မောင်မောင်စိုး ခေါင်းဆောင်ပါဝင်သည့် သကုဏ္ဍလာ ဇာတ်ကား၊ ၁၉၂၉ ခုနှစ်တွင် ဦးညီပုကိုယ်တိုင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးသည့် ဆုထူးပန်ဇာတ်ကား၊ ဦးတင်နွယ် ဒါရိုက်တာ အဖြစ်ရိုက်ကူးသည့် မြကြေးမုံဇာတ်ကား၊ ဦးညီပုရိုက်ကူးသည့် မြိုင်နန်းစံဇာတ်ကား၊ ဦးတင်နွယ်နှင့် မောင်မောင်စိုးတို့ရိုက်ကူးသည့် ရွှေစကားဇာတ်ကား၊ ၁၉၃၀ ပြည့်နှစ်တွင် ဦးတင်နွယ် ရိုက်ကူးသည့် သီတဂူဇာတ်ကားနှင့် မင်းကတော်ဇာတ်ကား၊ ဦးဘညွန့်နှင့် ဦးတင်နွယ်တို့ ပူးတွဲရိုက်ကူးသည့် နန်းညွန့်နွယ်ဇာတ်ကား၊ ဦးတင်နွယ် နှင့် ဦးမောင်မောင်တို့ ရိုက်ကူးသည့် ကျောင်းတော်ပြန်ဇာတ်ကားများ ရိုက်ကူးနိုင်ခဲ့သည်။ ရုပ်ရှင်ချစ်သုတေသီများ အနေဖြင့် လိုအပ်သည်များဖြည့်စွက်ပြင်ဆင်ပေးစေလိုပါသည်။ ၁၉၂၀ ပြည့်နှစ်မှ စခဲ့သော မြန်မာ့ရုပ်ရှင်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလျက်ရှိသည်မှာ ဝမ်းသာစရာဖြစ်ပေသည်။ ။

# စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်သတ်မှတ်ဖွဲ့စည်းရေး ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် **တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းလာသည့်အချိန်တွင် လက်ရှိလွှတ်တော်သို့တင်သွင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း ၃ ခု နှင့်အတူ သီးခြားစီတစ်ပြိုင်တည်း ယှဉ်တွဲလျက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီဝင်များအားလုံးပါဝင်ဖွဲ့စည်းထားသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက အတူတကွလေ့လာသုံးသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်သည့်ဥပဒေကြမ်းများတွင်ပါဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲအားလုံးကို ပြည့်စုံစွာ စုစည်း၍ ဥပဒေမူကြမ်းတစ်ခုတည်းအဖြစ် လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ပြီး အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်မည်ဆိုပါက ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်သည်ဟု တင်ပြထားမှုကို ထောက်ခံပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်များထဲတွင်သာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ပြင်ဆင်ခြင်း



ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်

လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်က ဥပဒေမူကြမ်းသုံးရပ်ကို ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်များအားလုံးပြီးဆုံးမှ တင်သွင်းလာမည့် ဥပဒေမူကြမ်းနှင့်အတူ တစ်ပြိုင်တည်းယှဉ်တွဲ၍ လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း၊ သဘောထားမှတ်ချက်ပြုထားသော အစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂) ပါ ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းလာသော ဥပဒေမူကြမ်းကို ဆက်လက်ဆွေးနွေးကာ မိမိနိုင်ငံ အမျိုးသားအကျိုးစီးပွားအတွက် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ဗိုလ်မှူးချုပ် မောင်မောင် ဦးဆောင်တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေမူကြမ်းသည် ယခင် ဦးသိန်းထွန်းနှင့်အဖွဲ့၊ ဒေါက်တာမောင်သင်းနှင့် အဖွဲ့တို့ တင်သွင်းသည့် ဥပဒေမူကြမ်းတို့ကဲ့သို့ ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တိုင်းသည် ပြင်ဆင်ရန်တင်သွင်းလာသည့် အချက်တိုင်းအပေါ်တွင် ပါဝင်ဆွေးနွေးခွင့်ရှိပါကြောင်း၊ အချက်တိုင်းအပေါ် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များကိုလည်း ဆွေးနွေးနိုင်အောင် အခွင့်အရေးပေးရမည် ဖြစ်ပါကြောင်း၊ ထောင်ချီရှိနေသည့် ပြင်ဆင်ရန်အချက်များကို စုစည်း၍ ဥပဒေမူကြမ်းတစ်ခုအဖြစ် ပြုစုပြီး တစ်ကြိမ်တည်းတင်သွင်းလာပါက ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အချက်တိုင်းအပေါ် ပါဝင်ဆွေးနွေးခွင့်ရနိုင်တော့မည် မဟုတ်ပါကြောင်း။

ကော်မတီ၏ လက်ရှိဆောင်ရွက်ချက်၊ ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏနှင့် ကျန်ရှိသည့်အချိန်ကာလ၊ ဖြစ်နိုင်ခြေအလားအလာ၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်ခဲ့မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး ဆုံးရှုံးမှုစသည့်အချက်များကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ဒုတိယဝန်ကြီး ဦးဆက်အောင်

ယင်းအစီရင်ခံစာအပေါ် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်လင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဒေါ်စိုးစိုးမြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဒေါ်အေးအေးမာ၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဒေါ်စန်းသီတာခင်တို့က ဆက်လက်ဆွေးနွေးကြသည်။

## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက **တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်ကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း စုစုပေါင်း(၄)ခု ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ အဆိုပါ မူကြမ်း(၄)ခုစလုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) တစ်ခုလုံးအပေါ်တွင် ပြင်ဆင်ခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းချက်အချို့ကိုသာ ပြင်ဆင်ဆောင်ရွက်ရန် တင်ပြထားသည်ကို ပြင်ဆင်ချက်တွင် ဖော်ပြထားသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ကြည့်မည်ဆိုပါက တွေ့ရှိနိုင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်အတွင်းတွင်ရှိသည့် နိုင်ငံရေးပါတီအစုအဖွဲ့အသီးသီး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များနှင့် အချိုးကျပါဝင်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ယင်းကော်မတီမှလည်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပါကြောင်း။

အဆိုပါ ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) တစ်ခုလုံး အပေါ်တွင် သုံးသပ်ပြင်ဆင်ထားသည့် ပြင်ဆင်ချက်များကို ဥပဒေမူကြမ်းအဖြစ် တင်သွင်းလာမည်ဆိုသည်ကိုလည်း လေ့လာသုံးသပ်တွေ့ရှိရပါကြောင်း၊ ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ ဥပဒေမူကြမ်းကို လွှတ်တော်သို့ ဥပဒေ၊ နည်းဥပဒေနှင့် အညီ တင်သွင်းလာသည့်အခါတွင် လက်ရှိလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သည့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း (၄)ခုနှင့်အတူ သီးခြားစီတစ်ပြိုင်တည်းယှဉ်တွဲ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်ရှိသည့် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်ဖွဲ့စည်းထားသည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီက အတူတကွ လေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်သည့်အခါတွင်လည်း ပြင်ဆင်သည့် ဥပဒေမူကြမ်းအားလုံးတွင်ပါဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲတစ်ခုမှ ကျန်ခဲ့မည်မဟုတ်ပါကြောင်း၊ ပြည့်စုံစွာ စုစည်း၍ လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ခြင်းကို ဆောင်ရွက်မည် ဆိုပါက ပို၍လျော်ကန်သင့်မြတ်မှုရှိပြီး လွှတ်တော်၏ အချိန်နှင့် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များလည်း ပို၍စနစ်ကျနမှုရှိမည်ဟု လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင် အများစုက လေ့လာတွေ့ရှိရပါကြောင်း၊ လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ သီးခြားအကြံပြုချက် တင်သွင်းထားသည့် ပူးပေါင်းကော်မတီဝင် (၃)ဦးဖြစ်သည့် ဦးစတီဖန်၊ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က အဆိုပါ ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သင့်ကြောင်း သီးခြားအကြံပြုတင်ပြထားခြင်းလည်း ရှိပါကြောင်း။

ထို့ကြောင့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်စန်းချစ် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက လက်မှတ်ရေးထိုးတင်ပြခဲ့သည့် ယခုဥပဒေမူကြမ်း၊ ရှေးဦးစွာ တင်သွင်းထားသည့် ဒုတိယအကြိမ်ပြင်ဆင်သည့် ယခင်ဥပဒေမူကြမ်း(၃)ခုနှင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြင်ဆင်ရေး ပူးပေါင်းကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) တစ်ခုလုံးအပေါ်တွင် သုံးသပ်လေ့လာ၍ ပြုစုရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းလာမည့် ပြင်ဆင်သည့်ဥပဒေမူကြမ်းများအားလုံးကို တစ်ပြိုင်တည်းယှဉ်တွဲ၍ ပြည့်စုံသော ပြင်ဆင်သည့် ဥပဒေမူကြမ်းများအဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်းနှင့် မိမိတို့လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးပါက ဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယင်းအစီရင်ခံစာအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အပြည်ပြည်ဆိုင်ရာ ကျိုတိုသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့အကောက်ခွန်အဖွဲ့က ပြန်လည်သုံးသပ်ထားသော အပြည်ပြည်ဆိုင်ရာ ကျိုတိုသဘောတူစာချုပ် (WCO Revised Kyoto Convention) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး ကိစ္စ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် Revised Kyoto Convention ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်စံနှုန်းများနှင့်ကိုက်ညီသည့် အသိအမှတ်ပြုခံရခြင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ထပ်မံချမှတ်မည့်စံနှုန်းများကို ဆုံးဖြတ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ကုန်သွယ်မှုချင်း ညှိနှိုင်းဆောင်ရွက်ရာတွင် အကျိုးအမြတ်များရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံ (၁၀)နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် (၃)နိုင်ငံသာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန် ကျန်ရှိနေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး



စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်

ထို့နောက် **ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင်ပါဝင်သော တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၁၅/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**အပေါ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ယင်းအစီရင်ခံစာ (၁၅/၂၀၁၉)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင်ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း

**စာမျက်နှာ ၈ သို့ ○**

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး။
- ★ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး။
- ★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

## ၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စို့။

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၁-၁၁-၂၀၁၉)

○ စာမျက်နှာ ၇ မှ

**ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၁၅/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။**

ထို့နောက် **စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်သတ်မှတ်ဖွဲ့စည်းရေး ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက မတူညီသော သဘောသဘာဝရှိသည့် ဝန်ကြီးဌာန(၂)ခုပေါင်းစည်းခြင်းသည် အောင်မြင်မှုနှင့် အလှမ်းဝေးမည်ဆိုသည်ကို တွေးဆရုံဖြင့် သိနိုင်ပါကြောင်း၊ လက်ရှိအခြေအနေကို ကြည့်မည်ဆိုပါကလည်း လုပ်ငန်းသဘာဝရှုထောင့်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာများ ပေါင်းစပ်စီမံပေးရသည့် ဝန်ဆောင်မှုသဘာဝဖြစ်ပြီး စက်မှုဝန်ကြီးဌာနသည် ကုန်ထုတ်လုပ်မှု၊ တီထွင်ဆန်းသစ်မှု ပြုလုပ်ရသည့် မောင်းနှင်မှု သဘောသဘာဝ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာန(၂)ခုပေါင်းစပ်ဖွဲ့စည်းခြင်းသည် စက်မှုဝန်ကြီးဌာန၏ အရှုံးပေါ်မှု ရင်ဆိုင်ရသည့်အပေါ်တွင် အခြေခံပြီး ဆုံးဖြတ်သည်ဟု ယူဆပါကြောင်း၊ မည်သည့်အကြောင်းအရာအပေါ် အခြေခံခြင်းဖြစ်စေ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေး၊ လူမှုစီးပွားဘဝတိုးတက်ရေးကိုသာ ပြည်သူများ မျှော်လင့်နေပါကြောင်း ဆွေးနွေးသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က ယခုကဲ့သို့ ပေါင်းစည်းခြင်းသည် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုပီပြင်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် မြန်မာနိုင်ငံ၏ ရေရှည်ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုအစီအစဉ်ကိုလည်း ထိရောက် အောင်မြင်စေမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် နှစ်နှစ်တာကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို လေ့လာသုံးသပ်ခဲ့သည့် နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်ဖော်ဆောင်နိုင်မည်ဟုလည်း သိရှိရပါကြောင်း၊ ရပ်ဆိုင်းထားသည့် စက်ရုံများမှ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ကျွမ်းကျင်မှု သဘောဆန္ဒနှင့် ကိုက်ညီသည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနအသစ်တွင် ကူးပြောင်းထမ်းဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိစေနိုင်မည် ဖြစ်သည့်အတွက် ယခုကဲ့သို့ ပေါင်းစပ်ဖွဲ့စည်းခြင်းကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦးက ဝန်ကြီးဌာန(၂)ခု ပူးပေါင်းပြင်ဆင်ဖွဲ့စည်းခြင်းကို အကျိုးအမြတ်ရလိုခြင်း၊ ပုဂ္ဂလိကအသွင်ကူးပြောင်းလိုခြင်း၊ ဝန်ထမ်းများအလုပ်အကိုင်စွန့်ရန်မလိုဘဲ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဟူ၍ ပြော၍ရသော်လည်း ယင်းသည်ပကတိအဖြေမဟုတ်ပါကြောင်း၊ ဝန်ထမ်း ၂၆၀၀၀ ဦး၏ စိုးရိမ်စိတ်များ၊ ယင်းဝန်ထမ်းများ၏ မိသားစုဝင်များ ဒုက္ခရောက်မည့်အခြေအနေကို သတိပြုရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုဝန်ကြီးဌာန(၂)ခု ပေါင်းစည်းခြင်းဖြင့် မူဝါဒလွဲမှားစွာ ချမှတ်ဆောင်ရွက်ခြင်းကြောင့် မှန်းချက်နှင့် နှမ်းထွက် မကိုက်မည်ကို စိုးရိမ်သည့်အတွက် ပြန်လည်စဉ်းစားသင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦးနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံ

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးခေါ်ယူနိုင်ရေး အဓိကထားဆွေးနွေး



**ချင်းမိုင် နိုဝင်ဘာ ၂၀**
ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး ဦးဆောင်သည့် အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ၁၀ ဖွဲ့မှ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အတွင်းရေးမှူး-၂ ဦးစိုင်းငင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

### ပြည့်ပြည့်စုံစုံ ပြင်ဆင်ထား

တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အတွင်းရေးမှူး-၂ ဦးစိုင်းငင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

RCSS အတွင်းရေးမှူး-၂ ဦးစိုင်းငင်းက "ငြိမ်းချမ်းရေးလုပ်ငန်းက တစ်ဆို့နေတာ တစ်နှစ်ကျော်ကြာပြီ ဖြစ်ပါတယ်။ ဒါကိုကျော်လွှားနိုင်ဖို့အတွက် အစိုးရနဲ့ NCA-S EAO တို့ဟာ အချိန်တော်တော်များများယူပြီး သူ့အဆိုပြုချက်၊ ကိုယ့်အဆိုပြုချက်ကို ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းချက်အရ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ (JICM) အစည်းအဝေး ကျင်းပပြီး နှစ်ဖက်ညှိနှိုင်းရေး အဖွဲ့တွေရဲ့ ညှိနှိုင်းဆွေးနွေးမယ့် အကြောင်းအရာတွေကို အတည်ပြုဖို့ စီစဉ်ခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် JICM အစည်းအဝေးကို အခုထက်ထိ ခေါ်ယူကျင်းပနိုင်ခြင်း မရှိသေးတော့ ညှိနှိုင်းဆွေးနွေးအဖွဲ့တွေရဲ့ တွေ့ဆုံဆွေးနွေးပွဲကိုလည်း မစီစဉ်နိုင်ခဲ့ပါဘူး။ နှစ်ဖက် ညှိနှိုင်းရေးအဖွဲ့တွေ ဆွေးနွေးပြီးမှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ လုပ်ငန်းကော်မတီ (WC)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ND) စတဲ့ တရားဝင်အစည်းအဝေးတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်တိုက်ကျင်းပပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးဆီကို လမ်းပွင့်သွားမှာဖြစ်တာကြောင့် JICM အစည်းအဝေး အချိန်မီကျင်းပနိုင်ရေးကို ကျွန်တော်တို့အားလုံးကြိုးပမ်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ယနေ့ ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး (JICM) ခေါ်ယူနိုင်ရေးကိစ္စအား ဦးစားပေးကိစ္စအဖြစ် ဦးတည်ဆွေးနွေးခဲ့ကြပြီး အစိုးရကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် ကရင်အမျိုးသား အစည်းအရုံး ကေအဲန်ယူနှင့် ဆက်လက်တွေ့ဆုံသွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဒီနေ့ ဆွေးနွေးပွဲက ၁၀ ဖွဲ့ဖြစ်တာကြောင့် ဆွေးနွေးချက်တွေ များပေမယ့် အဓိကကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ (JICM) အစည်းအဝေး ခေါ်ယူဖို့ ဆွေးနွေးတာပါ။ အားလုံးက အပြုသဘောဆောင်ပြီး ဆွေးနွေးတဲ့အတွက် ဆွေးနွေးမှုရလဒ် ကောင်းတယ်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေ အကြောင်းနဲ့ ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်တွေ အကြောင်းတွေလည်း ဆွေးနွေးပါတယ်။ ကျွန်တော်တို့တွေ ပြန်တွေ့ဖို့မှုအားဖြင့် သဘောတူထားပေမယ့် PPST ရဲ့ ဆုံးဖြတ်ချက် အဓိကဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ကို စောင့်ရဦးမယ်" ဟုပြောသည်။

### တက်ရောက်

ယနေ့ တွေ့ဆုံဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များအဖြစ် ဦးမျိုးဝင်း (ABSDF)၊ ခွန်မြင့်ထွန်း (PNLO)၊ ဒေါ်စောမြရာဇာလင်း (ALP)၊ ဆလိုင်းထလာဟေး (CNF)၊ နိုင်အောင်မငေး (NMSP)၊ စောကျော်ညွန့် (KNU/KNLA-PC)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောတောနီ (KNU) နှင့် ဆော်လမွန် (LDU) တို့ တက်ရောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ဒီဇင်ဘာ ၂၊ ၃၊ ၄ ရက်တို့တွင် ကျင်းပရန် သတ်မှတ်ထားပြီး အဆိုပါ အစည်းအဝေးများ အပြီးတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တရားဝင် အစည်းအဝေးများကို ဆက်တိုက်ကျင်းပသွားနိုင်မည်ဖြစ်သည်။

**သတင်း- ရဲခေါင်ညွှန့်၊ ဓာတ်ပုံ- HMS**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ ခွန်ဒေါင်ဝေနှင့် တွေ့ဆုံဆွေးနွေး

**နန်နင်း နိုဝင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် တရုတ်နိုင်ငံ တောင်ပိုင်းရှိ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်နန်နင်းမြို့သို့ ရောက်ရှိပြီး လိယွမ်ဧည့်ဂေဟာ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးစင်တာတွင် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ ခွန်ဒေါင်ဝေ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားကဏ္ဍ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူပြုနိုင်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ ခွန်ဒေါင်ဝေအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် လေ့လာရေးခရီးသွားရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ သုတေသနလက်ထောက် ဦးစောပြည့်မှူးတို့ လိုက်ပါသွားကြသည်။ (ယာပုံ)

**သတင်းစဉ်**



# လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးကဏ္ဍနှင့်ပတ်သက်၍ နည်းပညာဖလှယ်သည့်ဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်





**နေပြည်တော် နိုဝင်ဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ China Road and Bridge Corporation (CRBC) တို့ပူးပေါင်းပြီး လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကဏ္ဍနှင့်ပတ်သက်၍ နည်းပညာဖလှယ်သည့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နည်းပညာဖလှယ်ရေးအစီအစဉ်တွင် “Life Protection Engineering in China”၊ “Research and Application of Roadside Safety Facilities in China” နှင့် “Quality Management of Transportation Infrastructure Products” စသည့် ခေါင်းစဉ်များ ပါဝင်မည်ဖြစ်ပြီး ယခုဆွေးနွေးမည့် ခေါင်းစဉ်များသည် အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် များစွာအကျိုးကျေးဇူး ရရှိမည်ဖြစ်ကြောင်း။

**လက်တွေ့ကွင်းဆင်းစစ်ဆေး**

နည်းပညာဖလှယ်သည့် အစီအစဉ်တွင် Road Safety နှင့် ပတ်သက်၍ လက်တွေ့ကွင်းဆင်းစစ်ဆေးမည့်အစီအစဉ်ကို မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းပိုင်းအား ရွေးချယ်ထားပြီး နှစ်ရက်ကြာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခု နည်းပညာဖလှယ်သည့် အစီအစဉ်မှာ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းခြင်းကဏ္ဍနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများအတွက် ဗဟုသုတများစွာ ရရှိစေမည်ဖြစ်ပြီး Capacity building တည်ဆောက်ရာတွင် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့် ဆောင်ရွက်မည့် နိုင်ငံတည်ဆောက်ရေးကဏ္ဍများတွင် စွမ်းရည်မြင့်အင်ဂျင်နီယာများစွာလိုအပ်လျက်ရှိပါကြောင်း၊ ယခုပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် China Road and Bridge Corporation(CRBC) Myanmar Office မှ General Manager Mr. Chen Bo က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် Research Institute of Highways မှ Team Leader Dr. Li Wei က လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးကဏ္ဍတွင် ပါဝင်သည့် နည်းပညာဖလှယ်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာတမ်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များက နည်းပညာဖလှယ်ရေး အစီအစဉ်တွင် ပါဝင်သည့် “ Life Protection Engineering in China ”၊ “Research and Application of Roadside Safety Facilities in China” နှင့် “ Quality Management of Transportation Infrastructure Products” စသည့် ခေါင်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးမှုတို့အပေါ် စာတမ်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြားသည်။

ယနေ့ ကျင်းပသည့် နည်းပညာအတွေ့အကြုံဖလှယ်သည့် ဆွေးနွေးပွဲအစီအစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ China Road and Bridge Corporation (CRBC) နှင့် Research Institute of Highways မှ ကျွမ်းကျင်ပညာရှင်များသည် Road Safety နှင့်ပတ်သက်ပြီး မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပိုင်းအား နှစ်ရက်ကြာ လက်တွေ့ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်(၃၀)ပြည့်အထိမ်းအမှတ်နှင့် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၀**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ် (၃၀)ပြည့် အထိမ်းအမှတ်နှင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ယူနီဆက်မြန်မာမှ ဌာနေကိုယ်စားလှယ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကော်မတီဥက္ကဋ္ဌများ၊ ကလေးငယ်များ တက်ရောက်ကြသည်။

### ပါဝင်ဆွေးနွေးမှုများ ပြုလုပ်

ရှေးဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကလေးငယ်များ၊ ဆယ်ကျော်သက်လူငယ်များ စုစည်းထားသည့် ရွှေရောင်လိပ်ပြာအဖွဲ့က မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီကိစ္စ၊ ခူဝံအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကလေးသူငယ်လွှတ်တော်ကော်မတီကိစ္စ၊ ကနောင်လေဝ်ဂျီအဖွဲ့က လူမှုကွန်ရက်နည်းပညာ အသုံးပြု၍ ကလေးသူငယ်များအတွက်ပါဝင်ရန် နေရာတစ်ခုဖန်တီးခြင်းကိစ္စ၊ ဒို့အားလုံးရဲ့ အသံအဖွဲ့က အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီတွင် လူငယ်များ ပိုမိုပါဝင်နိုင်ရန် နေရာတစ်ခုဖန်တီးပေးခြင်းကိစ္စ၊ ဗေဒါအဖွဲ့က ကလေးသူငယ်များ၏ အခက်အခဲပြဿနာများကို ကိုယ်တိုင်တင်ပြ ဆွေးနွေးဖော်ဆောင်နိုင်သော နေရာ – လူငယ်လွှတ်တော်ကိစ္စများနှင့်ပတ်သက်၍ အဖွဲ့ အသီးသီးက ဆန်းသစ်သော အကြံဉာဏ်များကိုပြသခြင်း၊ ကလေးသူငယ်များ၏ ထင်မြင်ယူဆချက်များကို တာဝန်ရှိသူများက ပုံမှန်နားထောင်နိုင်သည့် နည်းလမ်း အတွေးအမြင်သစ်များကို ရှင်းလင်းတင်ပြခြင်းများကို ပြခန်းငါးခန်းဖြင့် ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က ပြခန်းတစ်ခန်းချင်းအလိုက် ကလေးငယ်များ၏ အသံများကိုနားထောင်၍ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

### တူညီသောအခွင့်အရေးများရရှိရေး

ထို့နောက် အခမ်းအနားကိုကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့သည် ၂၀၁၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ ဖြစ်သကဲ့သို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားလည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကလေးများအားလုံး တူညီသောအခွင့်အရေးများရရှိရေး တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေအောင် အားလုံးပါဝင်စေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံ၌ ကလေးသူငယ် ၁၇ သန်းခန့်ရှိကြောင်း၊ ထိုကလေးငယ်များသည် အနာဂတ်နိုင်ငံကို ပုံဖော်မည့်သူများ ဖြစ်သောကြောင့် ယနေ့အခမ်းအနားသည် ကလေးသူငယ်များအတွက် ကောင်းသောအမွေများ လက်ဆင့်ကမ်းပေးနိုင်ရန် မည်သို့ဆောင်ရွက်ပေးရမည်ကို ဂရုစိုက် အာရုံပြုစေနိုင်သည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို သဘောတူလက်မှတ်ရေးထိုးထားပြီး လိုက်နာဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အတွေ့အကြုံများစွာလည်း ရရှိပြီးဖြစ်ကြောင်း၊ စိန်ခေါ်မှုများလည်းရှိကြောင်း၊ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အချက်ငါးချက်ရှိကြောင်း၊ ကွန်ဗင်းရှင်းနှင့်ကိုက်ညီသည့် ဥပဒေပြဋ္ဌာန်းရန်၊ ကွန်ဗင်းရှင်းပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတော်အဆင့် အမျိုးသားယန္တရားတစ်ရပ်ပေါ်ပေါက်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်တွင်း၊ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်မှုများကို သုံးသပ်စိစစ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံစာများတင်ပို့ခြင်းများကို ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အချုပ်အားဖြင့် ကလေးငယ်များ၏အခွင့်အရေး လေးမျိုးဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုအခွင့်အရေးလေးမျိုးသည်ဆက်စပ်နေပါကြောင်း၊ ကလေးငယ်များ အသက်ရှင်သန်ရန်နှင့် ဦးနှောက်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးသည် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာကိုချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာထဲတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်နှစ်နှစ်အထိ ကလေးငယ်များ အာဟာရအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် ပညာပေးအစီအစဉ် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစိုးရ၏ ခံယူချက်ဖြစ်သည့် အားလုံးသာတူညီမျှခံစားရရှိရေးမူဖြင့် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ ဘတ်ဂျက်အနေအထားအရ အညွှန်းကိန်းများဖြင့် ဖွံ့ဖြိုးမှုနောက်အကျဆုံးဒေသများမှ စတင်ဖြည့်ဆည်းလျက်ရှိပါကြောင်း။

### အနာဂတ်နိုင်ငံကို ပုံဖော်

ဖွံ့ဖြိုးတိုးတက်ရန်အတွက် မွေးစမှ အသက်ရှစ်နှစ်အထိ ရှေးဦးအရွယ်ကလေးသူငယ်ကဏ္ဍကို စနစ်တကျပြုစုစောင့်ရှောက်ခြင်းဖြင့် ၎င်းတို့၏ ရှေ့ဆက်မည့်သင်ကြားမှုသင်ယူမှုများတွင် အကောင်းဆုံး အခြေအနေတစ်ရပ်ကို ရရှိသွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်ရေးကဏ္ဍကို မဟာဗျူဟာတွင် ထည့်သွင်း၍ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်ဥပဒေ ၁၉၉၃ ကို ပြဋ္ဌာန်း၍ ကလေးသူငယ်အခွင့်အရေးများကို ဖော်ဆောင်ခဲ့ပါကြောင်း၊ သို့ရာတွင် ခေတ်ကာလ အခြေအနေအရ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ပိုမိုကိုက်ညီအောင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)ကို ဖော်ဆောင်ခဲ့ပါကြောင်း၊ ထိုဥပဒေအသစ်ဖြင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသကဲ့သို့ အခွင့်အရေးများ အပြည့်အဝရရှိအောင် ကာကွယ်စောင့်ရှောက်မှုများလည်း ပြုလုပ်ပေးရန်ဖြစ်ကြောင်း၊ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်းသည် အနာဂတ်နိုင်ငံကို ပုံဖော်ခြင်းဖြစ်ရာ ကလေးငယ်များ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးကို အကောင်အထည်ဖော်ရာတွင် ကလေးငယ်များ၏ အသံကိုနားထောင်ဖို့လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အရ သိသာထင်ရှားသော ပြောင်းလဲမှုများကို တစ်ဆင့်ချင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်းပါဝင်ကြဖို့လိုကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်(၃၀)ပြည့် အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားသည်။

### ကတိပြုလက်မှတ်ရေးထိုး

ယင်းနောက် မှတ်တမ်းဗီဒီယိုကိုပြသခြင်းနှင့် Myanmar Got Talent ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော Junior Creative အကအဖွဲ့မှ ပုံရိပ်အက (Shadow dance)ဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ပြုလုပ်ခဲ့ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လာမည့် နှစ်(၃၀)အတွက် ကလေးအခွင့်အရေးများရရှိရေးအတွက် ကတိပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကလေးသူငယ်များ ဖန်တီးထားသော ပြခန်းများ၊ ပြိုင်ပွဲဝင်ပြခန်းများကို ကြည့်ရှုကြသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်ရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ (ပြည်သူ့လွှတ်တော်)၊ ပြည်ထောင်စုလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်ရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ (အမျိုးသားလွှတ်တော်) တို့က အမှာစကားများပြောကြားခဲ့ကြပြီး ပြိုင်ပွဲဝင်ပြခန်း၊ အနိုင်ရအသင်းများအားဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဂျပန်နိုင်ငံ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့ အနီးပတ်ဝန်းကျင်ရှုခင်းကို ရိုက်ကူးနေစဉ်။

## ဂျပန်နိုင်ငံ ရိုက်ကူးရေးအဖွဲ့ သီလဝါစက်မှုဇုန်နှင့် ရန်ကုန်မြို့ရှုခင်း မှတ်တမ်းရုပ်ရှင်ရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက်တွင် ဆူးလေဘုရား၊ မဟာဗန္ဓုလပန်းခြံ၊ ရန်ကုန်မြို့တော်ခန်းမ၊ Strand Hotel အနီးရှိ လူကူးတံတားနှင့် Sakura Tower မှ ရန်ကုန်မြို့ရှုခင်းများနှင့် ရွှေတိဂုံဘုရားတို့အား မှတ်တမ်းရုပ်ရှင်ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က သီလဝါစက်မှုဇုန်ရှိ Yakult Myanmar Co.,Ltd. ၏ ဒိန်ချဉ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို မှတ်တမ်းရိုက်ကူးခဲ့ပြီး ၎င်းစက်ရုံအတွင်း ဒိန်ချဉ်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရိုက်ကူးခဲ့ကြောင်း၊ Yakult ဒိန်ချဉ်ကို ဒေါက်တာရှိရိုတာက ၁၉၃၅ ခုနှစ်တွင် စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့ရာ နှစ်ပေါင်း ၈၄ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၎င်းဒိန်ချဉ်သည် ကိုယ်ခံအားတိုးပွားပြီး ကျန်းမာရေးအထောက်အကူပြုသဖြင့် မြန်မာနိုင်ငံ အပါအဝင်နိုင်ငံပေါင်း ၄၀ သို့ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

၎င်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ Yakult Myanmar Co.,Ltd. ၏ ဒိန်ချဉ်စက်ရုံ၊ City Mart SuperMarket များတွင် Yakult ဒိန်ချဉ်ရောင်းချနေပုံ၊ အိမ်အရောက် ဝန်ဆောင်မှုပေးနေပုံနှင့် ဝယ်ယူသူများအား တွေ့ဆုံမေးမြန်းခြင်းတို့ကို ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ထိုသို့ရိုက်ကူးထားမှုများကို မှတ်တမ်းထိန်းသိမ်းထားရှိရန်အတွက် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

**ညွန့်ညွန့်လှိုင် (FDC)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၂၃ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေး ဂျာနယ်တွင် ကာတွန်း ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်) ၏ အဘွားအို၏ ဉာဏ်စမ်း၊ မုန့်ဖိုး ပိုရလိုသော မောင်လေးနှင့် ကလေး အတွေးဖြင့် အကြံပေးသည့် ဖူးငယ်တို့ အကြောင်းကို ဟာသရေးဖွဲ့ထားသော နှစ်မျက်နှာကာတွန်း၊ ငှက်ကလေးများ၏ အစာအမျိုးမျိုး အကြောင်း ဗဟုသုတဖြစ်ဖွယ် သုတဆောင်းပါး၊ သူတစ်ပါး၏ ကျေးဇူးကို အလေးထား ပြန်ဆပ်သင့်ပုံအကြောင်း ရေးသားထားသည့် ဝတ္ထုတိုအပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစသည့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။



# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပူးပေါင်း ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီ ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ အသိပညာမျှဝေသည့် အစီအစဉ်ကျင်းပ

**မင်းဘူး နိုဝင်ဘာ ၂၀**

မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P ၏ CSR & Communications ဌာနမှ ဝန်ထမ်းများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကုန်းတွင်းရေနံမြေများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းဝန်ထမ်းများအတွက် လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ အသိပညာမျှဝေသည့် အစီအစဉ်တစ်ရပ်ကို ယနေ့တွင် MOGE မန်းရေနံမြေရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ယနေ့ သင်တန်းတွင် Performance Compensation Contract (PCC) စာချုပ် ချုပ်ဆိုလုပ်ကိုင်ခြင်း၏ သဘောသဘာဝများ၊ CSR အကြောင်း သိကောင်းစရာများကို ခြုံငုံသုံးသပ်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဗျူဟာမြောက် ဆောင်ရွက်ခြင်း၊ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် အပြုသဘောဆက်ဆံရေး တည်ဆောက်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ မန်းရေနံမြေတွင် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများကိုလည်း သွားရောက်လေ့လာကြည့်ရှုမည်ဖြစ်သည်။



သင်တန်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကုန်းတွင်းရေနံမြေများဖြစ်သည့် ချောက်၊ ရေနံချောင်း၊ မန်း၊ ထောက်ရှာပင်၊ တီတွတ်ပိုက်လိုင်း၊ ပြည်၊ (ကျောက်ခွက်၊ လက်ပံတို၊ အရာတော်)၊ ထန်းကိုင်း၊ သာကြီးတောင်၊ သာကေတ၊ CNG ၊ ညောင်တုန်း၊ နေပြည်တော်၊ ငွေးချို၊ ရွှေပြည်သာ၊ မြန်အောင်၊ အဖျောက်တို့မှ မန်နေဂျာနှင့် လက်ထောက်မန်နေဂျာ စုစုပေါင်း ၃၆ ဦးနှင့် မန်းရေနံမြေမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစီအစဉ်သည် MPRL E&P ၏ CSR & Communications ဌာနမှ အရာထမ်းများအတွက် ပံ့ပိုးသည့် CSR လုပ်ငန်းဆိုင်ရာအသိပညာမျှဝေမှုအစီအစဉ်၏ ဒုတိယမြောက်အစီအစဉ်တစ်ခုဖြစ်ပြီး ပထမအကြိမ်တွင်MOGE ၏ ကုန်းတွင်းရေနံမြေများကို စီမံခန့်ခွဲလျက်ရှိသည့် အထွေထွေမန်နေဂျာများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပံ့ပိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၇ ဒသမ ၀၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၅ ဒသမ ၉၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၁၂ ဒသမ ၉၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၁ ဒသမ ၆၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၆၈ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၉ ဒသမ ၃၂ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၉၂ ဒသမ ၃၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၃၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၆၂ ဒသမ ၈၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၀၀ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၆၃ ဒသမ ၁၆ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၂ ဒသမ ၀၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၅၅ ဒသမ ၆၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၀၅၇ ဒသမ ၇၂ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅၀၂၀ ဒသမ ၈၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၉၄ ဒသမ ၅၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## မူခင်းကျဆင်းရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ချင်းပြည်နယ် မတူပီမြို့နယ် ခိုဘွေရပ်ကွက်ရှိ ဘုံတလာခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲ၌ မတူပီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကို ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး မိဘအုပ်ထိန်းသူများ သိသင့်သိထိုက်သည့်အချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအချက်များအား အသိပညာပေးဟောပြောခဲ့သည်။

ထို့အတူ ပလက်ဝမြို့နယ် မြို့မရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌ ယင်းနေ့ နံနက်ပိုင်းတွင် ပလက်ဝမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းကူညီခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ရဲပြန်ကြား**



### အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှအတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် အမှတ်၁၈၂ အပိုဒ်(၃)ပါ အောက်ပါ ကဲ့သို့သော အဆိုးရွားဆုံးပုံစံဖြင့် ကလေး အလုပ်သမား ခိုင်းစေခြင်း လျှော့နည်းပပျောက် ရေးအတွက် ဦးစားပေး အနေဖြင့် ချက်ချင်းလုပ်ဆောင်ရမည်-



(က) ပုံစံမျိုးစုံဖြင့်ကျွန်ပြုခိုင်းစေမှု(သို့) အလားတူကျွန်ပြုခိုင်းစေမှု (လူကုန်ကူး ရောင်းဝယ်ခြင်းနှင့်လက်နက်ကိုင် ပဋိပက္ခတွင်းတွင် အသုံးပြုရန်၊ မလုပ်မနေရအဓမ္မစုဆောင်းခြင်း)၊

(ခ) ကလေးသူငယ်များအား ပြည့်တန်ဆာလုပ်ငန်း (သို့) လိင်မှုဆိုင်ရာ ဖျော်ဖြေမှုများတွင် အသုံးပြုခြင်း၊

(ဂ) တရားဥပဒေနှင့်ဆန့်ကျင်သော မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ကုန်ကူး ခြင်းတို့တွင် ကလေးကိုအသုံးပြုခြင်း၊

(ဃ) ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းဟုဆိုနိုင်သည့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများတွင် လုပ်ကိုင်ရခြင်းတို့ဖြစ်သည်။

**လုပ်ငန်းခွင်ဝင်ရန် အနိမ့်ဆုံး အသက်အရွယ်နှင့်စပ်လျဉ်း၍ အိုင်အယ်(လ်)အိုပြဋ္ဌာန်းချက်အမှတ် (၁၃၈)တွင် သာမန်အားဖြင့်မသင်မနေရ ပညာရေးပြီးဆုံးသည့် (၁၅)နှစ်အောက် မငယ်သင့်ဟု ပြဋ္ဌာန်းထားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြစ်နိုင်ခြေရှိသောချွင်းချက်မှာအသက် (၁၄)နှစ်ဖြစ်သည်။**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံက ၁၉၉၁တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အပိုဒ်၃၂တွင် အဖွဲ့ဝင်နိုင်ငံများက ကလေးသူငယ်များ၏ အခွင့်အရေးကိုအသိအမှတ်ပြု၍ ၎င်းတို့အပေါ်စီးပွားရေးခေါင်းပုံဖြတ်မှုနှင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး (သို့) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်နာစေသည့် အန္တရာယ်ရှိသောအလုပ်များမှအကာအကွယ်ပေးရမည်။

ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမားသည်ဘေးအန္တရာယ်ရှိသော(သို့)ကျန်းမာရေးနှင့်မညီညွတ်သောလုပ်ငန်းခွင်တွင်လုပ်ကိုင်နေရ၍အသက်အန္တရာယ်ထိခိုက်စေနိုင်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေနိုင်သည်။ လုံခြုံမှုအားနည်းခြင်း၊ ကျန်းမာရေးအဆင့်နိမ့်ကျခြင်း နှင့်လုပ်ငန်းအစီအမံများ၏ အကျိုးဆက်ကြောင့်ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့်ကျန်းမာရေးချို့တဲ့မှုကြောင့်အမြဲတမ်းမသန်စွမ်းအဖြစ်သို့ရောက်ရှိနိုင်သည်။ ကလေးအလုပ်သမားဘဝတွင် ရုံဖန်ရံခါရရှိခံစားခဲ့ရသောကျန်းမာရေးပြဿနာများကြောင့်၎င်းကလေး အရွယ်ရောက်သည့်တိုင်အောင်ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ပါ။




ILO ပြဋ္ဌာန်းချက် အမှတ်၁၈၂သည်နိုင်ငံတော်အစိုးရအနေဖြင့် အခြားပါဝင်ပတ်သက်သူများ၊အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့်ဆွေးနွေးတိုင်ပင်ပြီးအသက် (၁၈)နှစ်အောက်ကလေးသူငယ်အားလုံးအတွက်တားမြစ်ထားသည့်ဘေးအန္တရာယ်ရှိသောလုပ်ငန်းခွင်စာရင်းကိုပြုစုထုတ်ဝေပေးရန်လိုပြီးအိုင်အယ်(လ်)အိုအကြံပြုတိုက်တွန်းချက်အမှတ် (၁၉၀)တွင်အောက်ပါလုပ်ငန်းများကိုထည့်သွင်းရန်အကြံပြုထားပါသည်။

(၁) ကလေးသူငယ်များ၏ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ(သို့)လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုအတွက်အကာအကွယ်မဲ့စေမည့်အလုပ်အကိုင်

(၂) မြေအောက်၊ရေအောက်နှင့်အန္တရာယ်ရှိသောမြင့်မားသည့်နေရာများ (သို့)ပိတ်လှောင်ထားသောနေရာများ

(၃) အန္တရာယ်ရှိသောစက်ယန္တရား၊ ကိရိယာတန်ဆာပလာများနှင့် (သို့) လူအားဖြင့်တင်ချသယ်ယူပို့ဆောင်ရသော လေးလံသည့်ဝန်စည်များပါဝင်သည့်လုပ်ငန်း

(၄)ကျန်းမာရေးနှင့်မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များဥပမာ-ကလေးသူငယ်များ၏ကျန်းမာရေးကိုထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ (သို့) ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်းအဆင့်ဆင့် (၅) အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့) ညဉ့်ကာလအတွင်းလုပ်ကိုင်ရခြင်း (သို့) အလုပ်ရှင်၏အဆောက်အဦးဥပစာအတွင်း ကလေးသူငယ်များအားကြောင်းကျိုးမဆီလျော်သောချုပ်နှောင်ခိုင်းစေခြင်းစသည့်အထူးခက်ခဲသည့်အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်များ

# ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဂျပန်နိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်ဖြစ်လာ

**တိုကျို နိုဝင်ဘာ ၂၀**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး တာဝန်ထမ်းဆောင်သည့် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ရာစုနှစ်တစ်ခု ကျော်ကြာတွင် စံချိန်ချိုးခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ရာထူးသက်တမ်းသည် နိုဝင်ဘာ ၂၀ ရက်တွင် ရက်ပေါင်း ၂၈၈၇ ရက်သို့ ရောက်ရှိခဲ့သည်။

''တစ်ရက်ချင်းနဲ့ နေ့ရက်တိုင်းလိုလိုမှာ ဂျပန်ပြည်သူတွေကို လုပ်ပေးနိုင်တဲ့၊ ကတိပြုထားတဲ့ မူဝါဒတွေကို ဆောင်ရွက်ဖို့အတွက် ကျွန်တော် အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းမှုတွေကနေ ဒီနေ့ဒီရက်ကို ရောက်ရှိလာခဲ့တာဖြစ်တယ်လို့ ယုံကြည်ပါတယ်''ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အာဘေးသည် ၂၀၀၆ ခုနှစ်တွင် ပထမဆုံးအကြိမ် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး တစ်နှစ်အကြာတွင် ကျန်းမာရေးမကောင်းသဖြင့် နုတ်ထွက်ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ထမ်းဆောင်ခဲ့ချိန်မှစ၍ ရှင်ဇိုအာဘေးသည် စီးပွားရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဘဏ္ဍာရေးကိစ္စများနှင့် ဒေသတွင်း ပြန်လည်ရှင်သန်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် နှစ်စဉ် ပြုလုပ်မြဲဖြစ်သည့် ချယ်ရီပန်းပွဲတော်တွင် ၎င်း၏မဲဆန္ဒနယ်မှ ပြည်သူများအား ဧည့်ခံရန် အခွန်ထမ်းများ၏ ငွေကြေးများကို အသုံးပြုလျက်ရှိကြောင်း အတိုက်အခံဥပဒေပြုသူများက ရှင်ဇိုအာဘေးအား စွပ်စွဲထားသည်။

ဂျပန်နိုင်ငံတွင် ဝန်ကြီးချုပ်တစ်ဦးအတွက် ရာထူးသက်တမ်းသည် အကန့်အသတ်မရှိပေ။ သို့ရာတွင် အာဘေးသည် အဓိကအာဏာပိုင်အဖွဲ့အစည်းဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ ၎င်း၏ တတိယမြောက်နှင့် နောက်ဆုံးအခန်းကဏ္ဍသည်လည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် အဆုံးသတ်မည်ဖြစ်သည်။

ရှင်ဇိုအာဘေးသည် ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခြင်းနှင့် မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲမှုကိစ္စရပ်များကို ဖြေရှင်းရာတွင် တိုးတက်မှုရှိရန်လည်း မျှော်လင့်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်**



# ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် ပြည်ပမှ ကလေးငယ် ၂၈၀၀၀ ပိတ်မိနေဆဲဖြစ်ပြီး အများစုမှာ အီရတ်နိုင်ငံမှ ကလေးငယ်များဖြစ်

**ကုလသမဂ္ဂ နိုဝင်ဘာ ၂၀**

ပြည်ပနိုင်ငံပေါင်း ၆၀ ကျော်မှ ကလေးငယ် ၂၈၀၀၀ နီးပါးသည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပိတ်မိနေဆဲဖြစ်ကြောင်းနှင့် အဓိကအားဖြင့် ရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါကလေးငယ်များ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ အသက်၁၂ နှစ်အောက်ကလေးငယ်များဖြစ်ပြီး ထက်ဝက်ခန့်မှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်ကြောင်း၊ အများစုမှာ အီရတ်နိုင်ငံမှဖြစ်ပြီး အီရတ်ကလေးငယ် ၂၀၀၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ကို ကိုးကား၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်၏ ပြောရေးဆိုခွင့်ရှိသူ ဒူရာရစ်က ပြောကြားခဲ့သည်။

ဆီးရီးယားအရှေ့မြောက်ပိုင်းဒေသမှ ကလေးငယ်အနည်းဆုံး ၆၅၀ ကိုလည်း အနည်းဆုံးနိုင်ငံ ၁၇ နိုင်ငံသို့ ပြန်ပို့ထားပြီးဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ ကလေးငယ်များအား နိုင်ငံမဲ့ဖြစ်ခြင်းမှ အကာအကွယ်ပေးနိုင်မည့် စီမံဆောင်ရွက်မှုများလုပ်ဆောင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏နိုင်ငံသားများ သို့မဟုတ် ၎င်းတို့၏နိုင်ငံတွင် မွေးဖွားသူများဖြစ်သည့် ကလေးငယ်များအတွက် တာဝန်ယူရန်မှာလည်း အရေးကြီးပါကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဒူရာရစ်က ပြောကြားခဲ့သည်။

ဆီးရီးယားရှိ ရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် နေထိုင်သည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအားလုံးအတွက် ရေရှည်ဖြေရှင်းရမည့် ဖြေရှင်းချက်များကို ရှာဖွေရန်လည်း ကုလသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုခဲ့သည်။

**ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်**




# အမေရိကန်၏ ရန်စောင်သောမူဝါဒကို မစွန့်လွှတ်လျှင် ဆွေးနွေးမည်မဟုတ်ဟု မြောက်ကိုရီးယား ပြောကြား

**ပြုံယမ်း နိုဝင်ဘာ ၂၀**

အမေရိကန်အနေဖြင့် စေ့စပ်ညှိနှိုင်းမှုမပြုမီ ၎င်း၏ရန်စောင်သောမူဝါဒကို စွန့်လွှတ်ရမည်ဟု မြောက်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်သည် နျူကလီးယားကင်းစင်ရေးဆွေးနွေးပွဲ ကျင်းပရန် မြောက်ကိုရီးယားအား အမြဲတစေ ဖိတ်ခေါ်ခဲ့သော်လည်း နျူကလီးယားအရေး၏ အဓိကအကြောင်းအရာဖြစ်သော ၎င်း၏ မြောက်ကိုရီးယားအပေါ်တွင်ထားရှိသော ရန်စောင်သောသဘောထားကို မစွန့်လွှတ်ခဲ့ကြောင်း ကိုရီးယား-အာရှပစိဖိတ်ငြိမ်းချမ်းရေးကော်မတီ၏ ဥက္ကဋ္ဌ ကင်ယုံချိုက ပြောကြားသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ယုံကြည်မှုတည်ဆောက်ပြီးမှသာလျှင် မြောက်ကိုရီးယား၏ လုံခြုံရေးနှင့် တိုးတက်ရေးတို့အပေါ် ဟန့်တားနေသော အတားအဆီးများကို ဖယ်ရှားနိုင်မည်ဟု ၎င်းက ပြောကြားသည်။ မည်သည့်အကျိုးကျေးဇူးမှ ရရှိလာမည်မဟုတ်သည့် ထိုကဲ့သို့သော ဆွေးနွေးပွဲများကို မြောက်ကိုရီးယားဘက်မှ မလိုလားကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေး ကင်ကျီဂွန်က ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ ဝါရှင်တန်နှင့် ပြုံယမ်းအကြား နျူကလီးယားကင်းစင်ရေးဆွေးနွေးမှု များမှာ ဟန္နိုင်းတွင် ကျင်းပခဲ့သော ဆွေးနွေးပွဲပြီးနောက် ရပ်တန့်သွားခဲ့သည်။ ကိုရီးယားနယ်စပ်ရှိ ပန်မွန်ဂျုံရွာတွင် ကင်ဂျုံအန်နှင့် ထရမ့်တို့ ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးပွဲများကို သီတင်းပတ်နှစ်ပတ်မှ သုံးပတ်အတွင်း ပြန်လည်ကျင်းပမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# သီရိလင်္ကာဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်

**ကိုလံဘို နိုဝင်ဘာ ၂၀**

သီရိလင်္ကာရွေးကောက်ပွဲတွင် ဆာဂျစ် ပရီမာဒါဆာ အရေးနိမ့်ခဲ့ပြီးနောက် နိုဝင်ဘာ ၂၀ ရက်တွင် ဝန်ကြီးချုပ် ရီနေးဝစ်ကရီမန်ဆန်ဂျီ ရာထူးမှ နုတ်ထွက်ခဲ့သည်။

ရီနေးအနေဖြင့် သမ္မတသစ် ဂိုတာဘာရာရာဂျာပက်စကာအား ၎င်းရာထူးမှ နုတ်ထွက်မည့်ကိစ္စကို စာရေးသားအကြောင်းကြားမည်ဖြစ်ကြောင်း အစိုးရပြန်ကြားရေးဌာနမှ ပြောကြားသည်။

ရီနေး၏ ဆုံးဖြတ်ချက်သည် ဂိုတာဘာရာရာဂျာပက်စကာအား ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် အစိုးရဖွဲ့နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြန်ကြားရေးဌာနက ပြောကြားသည်။ ရာဂျာပက်စကာအနေဖြင့် မဲစုစုပေါင်း ခြောက်သန်းကျော်ရရှိပြီး ဆာဂျစ် ပရီမာဒါဆာမှာ မဲစုစုပေါင်း ငါးသန်းကျော်ရရှိခဲ့သည်။ ဂိုတာဘာရာ ရာဂျာပက်စကာအနေဖြင့် ရီနေးဝစ်ကရီမန်ဆန်ဂျီနုတ်ထွက်အပြီးတွင် အိမ်စောင့်အစိုးရဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဟစ်တလာ၏အိမ်ကို ရဲစခန်းအဖြစ် အသုံးပြုမည်

**ဗီယင်နာ နိုဝင်ဘာ ၂၀**

သြစတြီးယားအစိုးရသည် အဒေါ့ ဟစ်တလာ မွေးဖွားခဲ့ရာ အိမ်ကို ရဲစခန်းအဖြစ် အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



ဟစ်တလာသည် ၁၈၈၉ ခုနှစ်က ဂျာမန်မိသားစုတစ်ခုမှ သြစတြီးယားနိုင်ငံမြောက်ပိုင်း ဘရာအူနောအမ်အင်းမြို့ရှိ တိုက်ခန်းတစ်ခန်းတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင်မူ ဟစ်တလာသည် ဂျာမနီနိုင်ငံသားအဖြစ်ခံယူခဲ့ပြီး နာဇီပါတီ၏ ခေါင်းဆောင်အဖြစ် အာဏာရလာခဲ့သည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ဟစ်တလာမွေးဖွားခဲ့သည့် အိမ်ကို ကျောင်းတစ်ကျောင်းနှင့် လူမှုရေးဆိုင်ရာ အဆောက်အအုံတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ သို့ရာတွင် သြစတြီးယားအစိုးရသည် နာဇီလက်သစ်များနှင့် လက်ယာအုပ်စုများအတွက် ဘုရားဖူးဒေသတစ်ခုဖြစ်လာခြင်းမှ အကာအကွယ်ပေးရန် လွန်ခဲ့သည့်သုံးနှစ်က ဟစ်တလာ၏အိမ်ကို ဝယ်ယူခဲ့သည်။

ဟစ်တလာမွေးဖွားရာ အိမ်ကို ရဲစခန်းအဖြစ် အသုံးပြုမည့်အစီအစဉ်ကို သြစတြီးယားပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့ပြီး လာမည့်နှစ် နှစ်လယ်ပိုင်းတွင် ပြန်လည်ပြုပြင်မွမ်းမံမှုများအတွက် ဒီဇိုင်းရေးဆွဲရန် စီစဉ်ထားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်**

# မြန်မာနိုင်ငံမှာ ဗီယက်နမ်ကုမ္ပဏီများအတွက် အလားအလာကောင်းသော ဈေးကွက်တစ်ခုဖြစ်လာ

**ဟိုချီမင်းစီးတီး နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံမှာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် အလားအလာကောင်းသော ဈေးကွက်တစ်ခုဖြစ်လာကြောင်း နိုဝင်ဘာ ၁၉ ရက်က ဟိုချီမင်းမြို့တော်၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုအရ သိရသည်။ ဗီယက်နမ်နှင့် မြန်မာကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာခြင်းက ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးတွင် မီးမောင်းထိုးပြစရာတစ်ခုဟု မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်စီးပွားရေးကောင်စစ်ဝန် Vo Thi Ngoc Diep က ပြောကြားခဲ့သည်။

ယခုအခါ ဗီယက်နမ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက် ၁၀ နိုင်ငံအနက် တစ်နိုင်ငံဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်အရ သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၈၆၀ အထိ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံက မြန်မာဈေးကွက်သို့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် တန်ကြေးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့သည်။ ယခုနှစ် ပထမကိုးလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၀၈ သန်းရှိမည်ဟု ခန့်မှန်းခဲ့ပြီး နှစ်အလိုက် တိုးတက်လာမှုမှာ ၈ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့သည်။ အလားတူကာလအတွင်း ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ တင်ပို့ခဲ့သည်။

သံနှင့် သံမဏိ၊ အီလက်ထရွန်နစ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီး၊ စားသောက်ကုန်၊ အိမ်သုံးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ သတင်းအချက်အလက်နှင့် နည်းပညာနှင့် ဆက်သွယ်ရေးပစ္စည်းများကဲ့သို့သော ဗီယက်နမ်ကုန်ပစ္စည်းများနှင့် လုပ်ငန်းများအတွက် မြန်မာနိုင်ငံမှာ အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်ကြောင်း Diep က ပြောသည်။ ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံတန်ကြေးရှိသော စီမံကိန်း ၂၅ ခုဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော ကမ္ဘာ့နိုင်ငံ ၅၀ အနက် သတ္တမအဆင့်ရှိသည်။ လက်ရှိအချိန်အထိ ဗီယက်နမ်စီးပွားရေးလုပ်ငန်း ၂၀၀ ကျော်မှာ ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ၌ လုပ်ကိုင်လျက်ရှိသည်။ ဗီယက်နမ်လုပ်ငန်းများအတွက် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် သင့်လျော်သော အခြေအနေများရှိသည်ဟု သူက ဆိုသည်။

ထို့အပြင် ဗီယက်နမ်နှင့် မြန်မာတို့မှာ ယဉ်ကျေးမှုအရ တူညီမှုများရှိသလို နှစ်နိုင်ငံစလုံးမှာ အာဆီယံအဖွဲ့ဝင်များ ဖြစ်ကြသည်။ ဗီယက်နမ်ကုမ္ပဏီများက မြန်မာဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်ရန် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို စေ့စေ့စပ်စပ်လေ့လာရန်လည်း ၎င်းက အကြံပြုခဲ့သည်။

ကိုးကား – VNA

ဘာသာပြန် – ကျော်ထိုက်စိုး

# ပုပ်ရဟန်းမင်းကြီး ထိုင်းနိုင်ငံသို့ ရောက်ရှိ

**ဘန်ကောက် နိုဝင်ဘာ ၂၀**




ပုပ်ရဟန်းမင်းကြီး ဖရန်စစ် လိုက်ပါလာသည့် စင်းလုံးငှား ဗာတီကန်လေယာဉ်သည် ဗုဒ္ဓဟူးနေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ ငြိမ်းချမ်းရေးသတင်းစကား ဖြန့်ဝေရန် ရည်ရွယ်သည့် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်သည် ထိုင်းနိုင်ငံတွင် စတင်၍ ထိုမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ဆက်မည်ဖြစ်သည်။

ဤခရီးစဉ်သည် ၃၅ နှစ်အတွင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ပထမဆုံး ထိုင်းနိုင်ငံခရီးစဉ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အများစုရှိသည့် ထိုင်းနိုင်ငံတွင် ကက်သလစ်ဘာသာဝင် ဦးရေသည် နိုင်ငံ့လူဦးရေ၏ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည်။ ပုပ်ရဟန်းမင်းကြီးကို ကြည်ညိုသူများသည် ဗာတီကန်သံရုံးအပြင်ဘက်တွင် ပုပ်ရဟန်းမင်းကြီးကို ကြိုဆိုရန် တန်းစီစောင့်ဆိုင်းနေကြသည်။ ဤခရီးစဉ်သည် အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ကက်သလစ် အသင်းတော်တည်ထောင်သည့် နှစ် ၃၅၀ မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရန်ဖြစ်သည်။

ထိုင်းနိုင်ငံ၌ ရောက်ရှိနေစဉ်အတွင်း ပုပ်ရဟန်းမင်းကြီးသည် ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းအပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး အမျိုးသားအားကစားရုံတွင် လူထုနှင့် တွေ့ဆုံပွဲကျင်းပမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ခရီးစဉ်အဆုံးသတ်ပြီးနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ တနင်္ဂနွေနေ့တွင် ဒုတိယကမ္ဘာစစ်အတွင်း အဏုမြူဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် နာဂါဆာကီမြို့နှင့် ဟီရိုရှီးမားမြို့တို့သို့ သွားရောက်လေ့လာမည်ဖြစ်သည်။

နျူကလီးယားလက်နက်များကို တားမြစ်ရန် ကမ္ဘာ့ခေါင်းဆောင်များကို မေတ္တာရပ်ခံခဲ့သည့် ပုပ်ရဟန်းမင်းကြီးသည် ၎င်း၏ခရီးစဉ်အတွင်း နျူကလီးယားလက်နက်ကင်းစင်သည့် ကမ္ဘာကြီး ဆောင်ရွက်သင့်သည့် အကြောင်းရင်းများကို ထုတ်ဖော်ပြောကြားလိမ့်မည်ဟု မျှော်လင့်ရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ဇော်လင်း

# အာဖဂန်နစ္စတန်၌ ရဟတ်ယာဉ်ပျက်ကျ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ကဘူးလ် နိုဝင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယနေ့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း နေတိုးအဖွဲ့ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျရသောအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ကနဦးသတင်းများအရ ရန်သူ၏ပစ်ခတ်မှုကြောင့် ပျက်ကျခဲ့ခြင်းမဟုတ်ဟု ညွန့်ပေါင်းတပ်ဖွဲ့က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

ထုတ်ပြန်ချက်က ကျဆုံးသွားသူများအကြောင်း အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိဘဲ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ သေဆုံးသူများ၏အမည်ကို ဆွေမျိုးသားချင်းများထံ အကြောင်းကြားပြီး နောက်တစ်ရက်အထိ ထိမ်ချန်ထားမည်ဟု ထုတ်ပြန်ချက်က ဆိုသည်။ နိုင်ငံအရှေ့ပိုင်းရှိ လိုဂါပြည်နယ်၌ ချင်းနောက်ခ်အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း အာဖဂန်အစိုးရနှင့် ညွန့်ပေါင်းတပ်ဖွဲ့ကို တိုက်ပွဲဝင်နေသည့် တာလီဘန် စစ်သွေးကြွအဖွဲ့က ပြောကြားသည်။

အမေရိကန်တို့၏ ရဟတ်ယာဉ်က လိုဂါပြည်နယ် ချတ်ခ်ခရိုင် ပန်ဂရမ်ဒေသရှိ ၎င်းတို့၏စခန်းကို စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘူလာမူဂျာဟစ်က ပြောကြားသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းကလည်း လိုဂါပြည်နယ်၌ ညွန့်ပေါင်းအဖွဲ့၏ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – ကျော်ထိုက်စိုး

SME-Development Bank
Dependable Financial Partner
လေးစားအပ်ပါသော SME-Development Bank ၏ မိတ်ဟောင်းမိတ်သစ် Customers များအား
SME-Development Bank ၏ (၂၂) ခုမြောက် ဘဏ်ခွဲဖြစ်သည့်
လှိုင်ကော်ဘဏ်ခွဲ သစ်ကို (၂၃.၁၁.၂၀၁၉) နေ့တွင် ဖွင့်လှစ်၍
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို (၂၂.၁၁.၂၀၁၉) နေ့မှစတင်
ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှိုင်ကော်ဘဏ်ခွဲ
အမှတ် (၃၃) ဈေးပိုင်းရပ်ကွက်၊
ဥက္ကာရာမ် ကျောင်းကုန်း၊ လှိုင်ကော်မြို့။
Tel : (+95) 09 953238746
: (+95) 09 43019717
Email : contact@smedevelopmentbank.com.mm



# ပင်လယ်ပြင်အတွင်း စက်လှေပေါ်မှ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ကော့သောင်း နိုဝင်ဘာ ၂၀**

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်ရဲစခန်းမှ ဒုရဲအုပ် မင်းလွင် ဦးဆောင်သောအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ပင်လယ်ပြင်အတွင်း လှေဖြင့် မူးယစ်ဆေးဝါးများ လိုက်လံရောင်းချနေကြောင်းသတင်းအရ ယမန်နေ့ နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် စတိန်ကျေးရွာအနီး ပင်လယ်ပြင်တွင် စောင့်ဆိုင်းနေစဉ် စတိန်ကျေးရွာ၏တောင်ဘက်တစ်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ညဏ်ထွန်း မောင်းနှင်ပြီး စန်းပွင့်အောင် လိုက်ပါလာသည့် စက်လှေအား ရပ်တန့်စစ်ဆေးရာ ညဏ်ထွန်းလွယ်ထားသည့်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညဏ်ထွန်းနှင့် စန်းပွင့်အောင်တို့နှစ်ဦးအား ဘုတ်ပြင်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မင်းလှနှင့် ခနောဖြူမြို့နယ်တို့တွင် ယာဉ်မီးလောင်မှုများဖြစ်

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကန်တုတ်ကျေးရွာ၏ အနောက်ဘက် ၁၃ မိုင်ခန့်အကွာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် ၂၁၅/၁ တွင် ခရီးသည်တင်ယာဉ်တစ်စီး ယမန်နေ့ ည ၈ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့နယ်မှ မုံရွာမြို့နယ်သို့ ယာဉ်မောင်း နီတွတ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် တရုတ်ကြီးနှင့် ခရီးသည်ရှစ်ဦးလိုက်ပါလာသည့် ယာဉ်သည် ပုသိမ်-မုံရွာကားလမ်းအတိုင်း ပုသိမ်မှ မုံရွာသို့ မောင်းနှင်လာစဉ် မိုင်တိုင် ၂၁၅/၁ အရောက် ယာဉ်ဝဲဘက်နောက်ဘီးမှာ ဘရိတ်ရှူးငြိ၍ အပူလွန်ကဲရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

**ခနောဖြူ**

ခနောဖြူမြို့နယ် အလမျိုးကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာကြား ရန်ကုန်-ဟသ်ာတကားလမ်း မိုင်တိုင်အမှတ် ၂၄/၁ တွင် နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ယာပုံ)**



ဖြစ်စဉ်မှာ ဟသ်ာတမြို့မှ မန္တလေးသို့ ယာဉ်မောင်း ထက်အောင်ကျော် မောင်းနှင်သော ခရီးသည် ၂၀ ခန့် လိုက်ပါလာသည့် ယာဉ်သည် အင်ဂျင်ခန်း အပူလွန်ကဲပြီး အတွင်းဂက်(စ်)ပိုက်ပေါက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်ပေါ်ပါပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခနောဖြူမြို့နယ် ကျောင်းစုရဲစခန်းက ထက်အောင်ကျော်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်သူဟိဏ်း (ခနောဖြူ)**

# သထုံ၌ ယာဉ်တစ်စီးတိမ်းမှောက်

**သထုံ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စု လေးတိုင်ကျေးရွာ သထုံ-ဘားအံ အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် ၄/၀၆ နှင့် ၄/၀၇ အကြား၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံမှ သထုံသို့ ယာဉ်မောင်း ဆွေလင်းဦး အောင်မြေရွှေဘိုရပ်ကွက် မြဝတီမြို့နေသူ မောင်းနှင်လာသော ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့သဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဆွေလင်းဦးအား သုဓမ္မဝတီနယ်မြေရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ကောလင်းမြို့နယ်အတွင်း ရွှေဆွဲကြိုးဖြတ်ပြေးသူ ဖမ်းမိ

**ကောလင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ယောမြေနီကျေးရွာအနီး ရွှေဆွဲကြိုးဖြတ်ပြေးသွားသူအား ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီခွဲက ကောလင်းမြို့နယ် ယောမြေနီကျေးရွာနေ မထက်ထက်လင်းသည် ဆိုင်ကယ်စီးလာစဉ် ယောမြေနီကျေးရွာတံတားအနီးအရောက် သက်ပိုင် မောင်းနှင်ပြီး ဇော်ဒန်အောင် လိုက်ပါလာသောဆိုင်ကယ်မှာ အနားကပ်လာကာ မထက်ထက်လင်း လည်ပင်းတွင် ဆွဲထားသော တစ်ကျပ်သားကျော်ခန့်ရှိ ရွှေဆွဲကြိုးအားဖြတ်ယူစဉ် မထက်ထက်လင်းက အော်ဟစ်အကူအညီတောင်းသဖြင့် ရွာသားများ လိုက်လံဖမ်းဆီးခဲ့သည်။ ရွှေဆွဲကြိုးဖြတ်ယူသူ မြစ်ကြီးနားမြို့မိုးကောင်းရပ်နေ သက်ပိုင်နှင့် တပ်ကုန်းရပ်နေ ဇော်ဒန်အောင်တို့နှစ်ဦးအား ကောလင်းမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



အမျိုးသားအောင်ပွဲနေ့ရာပြည့်အကြို ဂုဏ်ပြုဆောင်းပါး

# ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်(၁၁)ဦးကော်မတီဝင် အမျိုးသားကျောင်းဆရာကြီး ပုသိမ်ဦးထွန်းဝင်း

■ပန်းချီသန်းမြင့်ညိမ်း(ပုသိမ်)

အမျိုးသားကျောင်းအဖြစ် ဖွင့်လှစ်ထားရာ ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်ရင်ပြင်ရှိ တန်ဆောင်းတစ်ခုအတွင်း ကျောင်းကော်မတီဝင်များ၊ အမျိုးသားကျောင်းဆရာများ၊ မြို့မိမြို့ဖများ စုဝေးရောက်ရှိနေကြသည်။ အားလုံးလိုလို၏ မျက်နှာများတွင် တစ်စုံတစ်ခုအတွက် စိတ်ထိခိုက်နေကြကြောင်း ပေါ်လွင်နေသည်။ အကြောင်းအရာကလည်း အမျိုးသားကျောင်းကိစ္စ၊ တစ်နည်းအားဖြင့်ဆိုလျှင် အမျိုးသားရေးကိစ္စဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကို အခြေခံကာ ပေါ်ပေါက်လာသော အမျိုးသားကျောင်းများတွင် ပုသိမ်မြို့ အမျိုးသားကျောင်းလည်း ပါဝင်ပါသည်။ မူလက အင်အားအလွန်ကောင်းခဲ့သည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်ကြသော မြို့သူမြို့သားများ၏ ထောက်ပံ့မှု၊ ဦးစီးဦးဆောင်ပြုသူများ၏ စည်းရုံးဦးဆောင်ကောင်းမှု၊ ဆရာအဖြစ် သင်ကြားပေးကြသည့် စေတနာဆရာများ၏ စေတနာထက်သန်မှုတို့ကြောင့် အလွန်အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် နှစ်နှစ်ခန့် ကြာလာသည့်အခါ ငွေကြေးအခက်အခဲရှိလာသည်။ အလှူရှင်များလည်း ရေရှည်တွင် တစ်စတစ်စနည်းပါးလာသည်။ ဆက်လက်ရပ်တည်ရန်အခက်အခဲရှိလာသဖြင့် နယ်ချဲ့အစိုးရထံမှ အကူအညီယူရမည့်အခြေအနေသို့ ရောက်ရှိလာသည်။ နယ်ချဲ့ထံမှအကူအညီကို မယူလိုကြသော်လည်း ကျောင်းသား ကျောင်းသူများ၏ပညာရေး ဆက်လက်ရှင်သန်ဖို့က ပိုမိုအရေးကြီးကြောင်း သိရှိထားကြသည်။ အရှိန်ကောင်းလျက်ရှိသည့် အမျိုးသားပညာရေး ရပ်တန့်မသွားစေရေးအတွက် အထောက်အပံ့ခံကျောင်း (Aided School) အဖြစ်ခံယူရန် မလွှဲမရှောင်သာဆုံးဖြတ်လိုက်ကြရသည်။ လွယ်လွယ်ကူကူ ဆုံးဖြတ်ခဲ့သည်တော့ မဟုတ်ပါ။

**လွန်စွာစိတ်ထိခိုက်**

အမျိုးသားကျောင်းဆရာဦးထွန်းဝင်းသည် နယ်ချဲ့ အထောက်အပံ့ခံကျောင်းအဖြစ် ခံယူရန် ဆုံးဖြတ်ခဲ့ရခြင်းကြောင့် လွန်စွာစိတ်ထိခိုက်လျက်ရှိသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကို ဦးဆောင်ခဲ့သည့် (၁၁)ဦး ကော်မတီဝင်တစ်ဦးအနေဖြင့် စိတ်ထိခိုက်မည်ဆိုလျှင်လည်း ထိခိုက်လောက်ပါပေသည်။ ထိုစဉ်က ကိုထွန်းဝင်း အိုင်အေစီနီယာတန်းတက်နေသည်။ အင်္ဂလိပ်ပြဋ္ဌာန်းလိုက်သည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် လက်ရှိပညာသင်ကြားနေသော ကောလိပ်ကျောင်းသားများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပေ။ အသစ်ဖွင့်လှစ်မည့် တက္ကသိုလ်နှင့်သာ သက်ဆိုင်သည်။ ကောလိပ်ကျောင်းသားများအနေဖြင့် ကျောင်းပြီးလျှင် ၎င်းတို့ လျှောက်လှမ်းရမည့်လမ်းမှာ ပန်းခင်းသောလမ်းပမာ သာယာဖြောင့်ဖြူးနေသည်။ အလိုက်သင့်လိုက်ပါရင်း ၎င်းတို့၏ အနာဂတ်မှာ ကျေနပ်စရာလှပနေပါသည်။

သို့သော် သူတို့တစ်တွေ ဤသို့မနေနိုင်ပါ။ မြန်မာ့ပညာရေးသည် မိမိတို့အရေးဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်သည် မိမိတို့အနာဂတ်ဖြစ်သည်။ မြန်မာတိုင်းရင်းသားအားလုံး၏အရေးသည် မိမိတို့အရေး ဖြစ်သည်ဟု ခံယူထားကြသူများဖြစ်သဖြင့် နယ်ချဲ့၏ တက္ကသိုလ် အက်ဥပဒေကို ဦးဆောင်သပိတ်မှောက်ခဲ့ကြခြင်းဖြစ်ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ်အဖြစ် စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ နိုင်ငံတကာအတွေ့အကြုံနုနယ်သော အဘက်ဘက်တွင် အားနည်းနေသည့်နိုင်ငံကို အလွယ်တကူ မဟုတ်သော်လည်း ကြီးကြီးမားမား အခက်အခဲမရှိဘဲ သိမ်းပိုက်နိုင်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံးကို ဗြိတိသျှဘုရင်မကြီး ပိုင်နက်နယ်မြေအဖြစ် ကမ္ဘာသို့ ကြေညာလိုက်လေသည်။ မြန်မာတို့သည်လည်း ထီးကျိုးစည်ပေါက် ကျွန်သပေါက်ဘဝသို့ ရောက်ရှိခဲ့ကြလေတော့သည်။

နိုင်ငံကိုသိမ်းပိုက်စဉ်က အခက်အခဲကြီးကြီးမားမား မတွေ့ခဲ့ရသော်လည်း မျိုးချစ်တိုင်းရင်းသားများ၏ တွန်းလှန်တိုက်ခိုက်မှုကို ၁၅ နှစ်မျှ နှိမ်နင်းခဲ့ရသည်။ လူသူအင်အား၊ လက်နက်အင်အားများစွာသုံး၍ နှိမ်နင်းခဲ့ရခြင်းဖြစ်ပါသည်။ တိုင်းရင်းသားတို့မှာ အားမတန်၍သာ မာန်လျှော့ခဲ့ကြရသည်။ တိုင်းပြည်ငြိမ်ဝပ်မှုရှိလာသောအခါ အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးကိုကိုင်တွယ်ရန် ပြင်ဆင်ကြသည်။ အုပ်ချုပ်ရေးယန္တရား လည်ပတ်ရန်အတွက် ငါးကြင်းဆီဖြင့် ငါးကြင်းကြော်သလို တိုင်းရင်းသားများအား ထိုက်သင့်သည့် ခေတ်ပညာသင်ပေးကာ ယန္တရားတွင် အသုံးချရန် ပြင်ဆင်သည်။ မြန်မာနိုင်ငံအနှံ့ လောကဓာတ်ကျောင်းများ ဖွင့်ပေးသည်။ အင်္ဂလိပ်စာ သင်ပေးသည်။ ပညာကို သိပ်ပြီးထူးထူးချွန်ချွန်ဖြစ်ရန် မရည်ရွယ်ဘဲ ၎င်းတို့အား အထင်ကြီးလေးစားရန်နှင့် ကျွန်ကောင်းကလေးများ ပေါ်ထွက်လာရန်သာ ရည်ရွယ်သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ ကာလကတ္တားတက္ကသိုလ်မှ စစ်မေးသော မက်ထရစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရသည်။ ၁၈၇၇ ခုနှစ်တွင်

○ **ဆရာဦးထွန်းဝင်းသည် မူလကပင် အင်္ဂလိပ်အစိုးရ၏ အမှုထမ်းမလုပ်လိုသဖြင့် အမျိုးသားကျောင်းဆရာလုပ်ခဲ့ခြင်းဖြစ်၊**

○ **အင်္ဂလိပ်ထံမှ အထောက်အပံ့ကိုလည်း မယူလို၊ အင်္ဂလိပ်အစိုးရ၏ အမှုထမ်းဘဝကိုလည်း မခံယူလိုသဖြင့် မိမိအစီအစဉ်ဖြင့် သီးခြားရပ်တည်ခွင့်ပြုပါရန် တင်ပြပြီး စိတ်သဘောတူညီသူအချို့နှင့် ပူးပေါင်းကာ သီးခြားအမျိုးသားကျောင်းအဖြစ် ဖွင့်လှစ်ခဲ့**

ရန်ကုန်အထက်တန်းကျောင်းမှ မက်ထရစ်စာမေးပွဲ အောင်မြင်သူ နှစ်ဦးသာ ပေါ်ထွက်ခဲ့သည်။

**ဝိုင်းဝန်းကန့်ကွက်**

အင်္ဂလိပ်တို့သည် ၁၈၇၉ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ၁၈၉၄ ခုနှစ်တွင် ယုဒသန်ကောလိပ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံဖြစ်ပြီး ကာလကတ္တားတက္ကသိုလ်က စစ်သော စာမေးပွဲကို ဖြေဆိုရသည်။ ၁၈၈၃ ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ဘီအေတန်းဖွင့်လှစ်ပေးခဲ့သည်။ ကာလကတ္တားတက္ကသိုလ်၏ ဘီအေစာမေးပွဲကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအောင်မြင်သူမှာ မောင်တူ ဖြစ်သည်။ ၁၉၁၈ ခုနှစ်အထိ မြန်မာနိုင်ငံတွင် တက္ကသိုလ်မရှိသေးပေ။ ပြည်သူတစ်ရပ်လုံးက ရန်ကုန်မြို့တွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အထပ်ထပ်တောင်းဆိုခဲ့ကြသည်။ ဘုရင်ခံသည် နောက်ဆုံးတွင် မနေနိုင်တော့ဘဲ အင်္ဂလိပ်လူမျိုး ပညာမင်းကြီး မက်ဟန့်တားကို ဥက္ကဋ္ဌထား၍ အဖွဲ့ဝင် ၃၀ ခန့်ပါဝင်သော တက္ကသိုလ်ဥပဒေပြုကောင်စီကို ဖွဲ့စည်းပေးကာ ဥပဒေရေးဆွဲစေသည်။ ၎င်းကောင်စီတွင် မြန်မာခြောက်ဦးသာ ပါဝင်သည်။ မြန်မာတိုင်းရင်းသားတစ်ရပ်လုံး၏ အနာဂတ်ဖြစ်သဖြင့် မြန်မာအများဆုံးပါဝင်သော၊ တိုင်းရင်းသားပြည်သူများက ရွေးကောက်တင်မြှောက်သော ဥပဒေပြုအမတ်များနှင့်သာ ရေးဆွဲရန်၊ ဥပဒေပြုလွှတ်တော် ဖွဲ့စည်းပြီးသည်အထိ ဆိုင်းငံ့ထားရန် ဝိုင်းဝန်းကန့်ကွက်ကြသည်။

၁၉၂၀ ပြည့်နှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ လူထုအစည်းအဝေးခေါ်ယူပြီး တက္ကသိုလ် ဥပဒေပြုကောင်စီကို ဆိုင်းငံ့ထားရန် ကန့်ကွက်ကြသည်။ ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော ဥပဒေပြုလွှတ်တော်ဖွဲ့စည်းပြီးသည်အထိ ဆိုင်းငံ့ထားရန် အဆိုကို ပုသိမ်မြို့မှ ဆရာတော် ဦးဝေပုလ္လက ဦးဆောင်တင်သွင်းသည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံရှိ ဒုတိယဘုရင်ခံ၊ ပညာရေးဝန်ကြီးချုပ်နှင့် အိန္ဒိယရှိ ဗြိတိသျှအစိုးရထံ ပေးပို့ကန့်ကွက်ကြသည်။ တက္ကသိုလ်ဥပဒေပြုကောင်စီကရေးဆွဲတင်ပြသော ဥပဒေကြမ်းသည် မြန်မာအများစုနှင့် ကိုက်ညီမှုမရှိဘဲ မြန်မာနိုင်ငံသားအများစုအနေဖြင့် တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကြံစည်ရေးဆွဲထားသော ဥပဒေကြမ်းဖြစ်သဖြင့် မြန်မာနိုင်ငံသားများက ဝိုင်းဝန်းကန့်ကွက်ကြခြင်းဖြစ်သည်။ သို့သော် အင်္ဂလိပ်အစိုးရသည် ပြည်သူတစ်ရပ်လုံး၏ဆန္ဒကို အလေးမထားဘဲ ဥပဒေကြမ်းကို အတည်ပြုလိုက်သည့်အပြင် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ယူနီဗာစီတီ အက်ဥပဒေနှင့်အညီ တက္ကသိုလ်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်လေသည်။

**စတင်မျိုးစေ့ချပေးလိုက်သော လုပ်ဆောင်မှုဖြစ်**

ထိုအခါ ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးသည် ဥပဒေကို ရသည့်နည်းဖြင့် ဆန့်ကျင်ရန် ဆုံးဖြတ်ကြပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင် စနေထောင့်၌ လျှို့ဝှက်ဆွေးနွေး အစီအစဉ်ရေးဆွဲကြသည်။ နှစ်နာရီခန့် အပြန်ပြန်အလှန်လှန် ဆွေးနွေးကြပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ ကတိသစ္စာပြုချက်ကို အင်္ဂလိပ်လို ရေးသားကြပြီး ဝိုင်းဝန်းလက်မှတ်ရေးထိုးကြသည်။ ဤကျောင်းသားကြီးများ၏ သတ္တိရှိရှိဆောင်ရွက်မှုသည် လွတ်လပ်ရေးကြိုးပမ်းမှုကို စတင်မျိုးစေ့ချပေးလိုက်သော လုပ်ဆောင်မှုဖြစ်သည်ဟု ဆိုချင်သည်။ ထိုကျောင်းသားကြီး ၁၁ ဦးမှာ

(၁) ကိုဘဦး (ဘီအေအထက်တန်း)
(နောင် အရေးပိုင် သံတွဲ)
(၂) ကိုဖိုးကွန်း (ဘီအက်စ်စီအထက်တန်း)
(နောင် သခင်ဗိုလ်ဖိုးကွန်း)
(၃) ကိုဘရှင် (ဘီအက်စ်စီအထက်တန်း)
(နောင် အင်ဂျင်နီယာ)
(၄) ကိုဘရှင် (အိုင်အေအထက်တန်း)
(နောင် မသိရ)
(၅) ကိုထွန်းဝင်း (အိုင်အေအထက်တန်း)
(ပုသိမ်မြို့ငါးအောက်ချောင်းသား)
(နောင် အမျိုးသားကျောင်းဆရာ/အလွတ်ပညာသင်ဆရာ)
(၆) ကိုဖေသိန်း (အိုင်အေအထက်တန်း)
(နောင် မသိရ)
(၇) ကိုညီပိတ် (ဘီအက်စ်စီအထက်တန်း)
(နောင် စက်ရှင်တရားသူကြီး)
(၈) ကိုအေး (ဘီအေအထက်တန်း)
(နောင် ယစ်မျိုးမင်းကြီး)
(၉) ကိုလှတင် (ဘီအေ အထက်တန်း)
(နောင် လွှတ်တော်ရှေ့နေ)
(၁၀) ကိုအောင်ဒင် (အိုင်အေအထက်တန်း)
(နောင် မသိရ)
(၁၁) ကိုဘခင် (အိုင်အေအထက်တန်း)
(နောင် မသိရ)

မှတ်ချက်- (ကျောင်းသားကြီး ၁၁ ဦး တိုင်ပင်ဆွေးနွေးရာနေရာတွင် နိုင်ငံတော်က အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူထားပါသည်)။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် ဆုံးဖြတ်ထားသော်လည်း အင်္ဂလိပ်အစိုးရက သိရှိသွားသဖြင့် ၇ ရက်နေ့အထိ မစောင့်တော့ဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်၊ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် သပိတ်တိုက်ပွဲစတင်ဆင်နွှဲလိုက်တော့သည်။ ပြည်သူလူထုတစ်ခဲနက်ပါဝင်သော အစည်းအဝေးတစ်ရပ်ကို G.C.B.A က ဦးဆောင်ကာ ၂၉-၁၂-၁၉၂၀ ရက်နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးကပင် ဦးမောင်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအဖွဲ့ဝင် ၂၀ ပါဝင်သည့် အမျိုးသားပညာရေးကောင်စီကို ဖွဲ့စည်းလိုက်ပြီး အမျိုးသားကျောင်းများဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး အမျိုးသားကျောင်းပေါင်း ၁၅၀ ခန့် ဖွင့်လှစ်ခဲ့ကြသည်။ အမျိုးသားကောလိပ်ကို ၁၉၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့ကြပါသည်။

**အမျိုးသားကျောင်းကို စတင်ဖွင့်လှစ်**

ကိုထွန်းဝင်းက ပုသိမ်သို့ပြန်ကာ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများ၊ ဈေးသူဈေးသားများ၊ အမျိုးသားရေး စိတ်ဓာတ်ထက်သန်သူများနှင့် တိုင်ပင်ဆွေးနွေးကာ ပုသိမ်ရွှေမုဋ္ဌောစေတီတော်ရင်ပြင်ရှိ ဇရပ်၊ တန်ဆောင်းများတွင် အမျိုးသားကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ အရှိန်အဟုန် ကောင်းခဲ့သည်။ နှစ်နှစ်ခန့် ကြာလာသည့်အခါ ရန်ပုံငွေနည်းလာသဖြင့် ဆက်လက်ရပ်တည်ရန် အခက်အခဲရှိလာ၍ အစိုးရအထောက်အပံ့ခံ (Aided National High School)အဖြစ် ခံယူရန်အတွက် စည်းဝေးတိုင်ပင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဆရာဦးထွန်းဝင်းသည် မူလကပင် အင်္ဂလိပ်အစိုးရ၏ အမှုထမ်းမလုပ်လိုသဖြင့် အမျိုးသားကျောင်းဆရာ လုပ်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်ထံမှအထောက်အပံ့ကိုလည်း မယူလို၊ အင်္ဂလိပ်အစိုးရ၏ အမှုထမ်းဘဝကိုလည်း မခံယူလိုသဖြင့် မိမိအစီအစဉ်ဖြင့် သီးခြားရပ်တည်ခွင့်ပြုပါရန်တင်ပြပြီး စိတ်သဘောတူညီသူအချို့နှင့် ပူးပေါင်းကာ သီးခြားအမျိုးသားကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။ မိမိ၏ လက်ဝတ်လက်စားများကိုပင် ရောင်းချကာ ကျောင်းရန်ပုံငွေ ဖြည့်ဆည်းပေးခဲ့သည်။ သို့သော် ကြာရှည်ရပ်တည်ရန် ခက်ခဲသဖြင့် နောက်ဆုံးတွင် ကျောင်းပိတ်လိုက်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ အမျိုးသားကျောင်းအဖြစ် မဖွင့်လှစ်နိုင်တော့သော်လည်း ဦးထွန်းဝင်းက တစ်နိုင်တစ်ပိုင် ဆက်လက်သင်ကြားပေးခဲ့သည်။

ဦးထွန်းဝင်းကို ဦးအောင်သူ၊ ဒေါ်ထွေးတို့က ၁၈၉၅ ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်းအနေဖြင့် အစ်မဖြစ်သူ ဒေါ်မယ်ရင်တစ်ဦးသာ ရှိသည်။ ဦးထွန်းဝင်းကိုမွေးဖွားရာ ပုသိမ်မြို့ ငါးအောက်ချောင်းရပ်တွင် အိမ်ကြီးရခိုင်နှင့် နေထိုင်ပြီး မိဘများမှာ သားကို ကောလိပ်ကျောင်းပို့နိုင်သည်အထိ အတန်အသင့်ကြွယ်ဝသူများ ဖြစ်ကြသည်။

ဦးထွန်းဝင်းသည် (၁၉၁၆-၁၉၁၇)တွင် ပုသိမ်မြို့ အစိုးရအထက်တန်းကျောင်း (ထိုစဉ်က ရွှေမုဋ္ဌောဘုရား အရှေ့မုခ်ရှိသစ်သားနှစ်ထပ်အဆောက်အဦ)မှ ၁၀ တန်း အောင်မြင်သည်။ ယခု (အလက -၁) နေရာဖြစ်သည်။ စစ်အတွင်းက မီးလောင်ပျက်စီးသွားသည်။ ရန်ကုန်ကောလိပ်သို့ တက်ရောက်ပညာသင်ကြားနေစဉ်အတွင်း အိုင်အေအထက်တန်းတွင် ပထမကျောင်းသားသပိတ် ဦးဆောင်သူ ၁၁ ဦးတွင် ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ သို့ ✳

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ တက်ရောက်

**နတ်မောက် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဆည်ကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ)ကျောင်းဝင်းမုခ်ဦးနှင့် ရွှေဆည်ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးမြင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးနှင့် အလှူရှင်များ၏ကိုယ်စား ရဲအုပ်မြသန်း(အငြိမ်းစား)တို့က ကျောင်းဝင်းမုခ်ဦးနှင့် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်း၍ ကျောင်းဆောင်သစ်အားလှည့်လည် ကြည့်ရှုခဲ့ကြသည်။

နတ်မောက်မြို့နယ်ဆည်ကြီးကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရွှေဆည်ကျောင်းဆောင်သစ်သည် အလျား ပေ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေ ရှိပြီး သွပ်မိုး၊ အုတ်ကာတစ်ထပ်ကျောင်းဆောင်ဖြစ်၍ စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၇၅၀ ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အောင်မင်္ဂလာရွာ ဘုန်းတော်ကြီးကျောင်းတွင် သစ်ပုတ်ပင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအန္တရာယ် သိကောင်းစရာများ ဟောပြောစဉ်။

ကိုကိုရှုပ

## မန္တလေးမြို့တွင် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ၆၂ လမ်းပေါ်ရှိ မနော်ရမ္မံကစားကွင်းတွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ကလေးငယ်များက နိုင်ငံတကာရင်သွေးငယ်လေးများသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားကာ ကုလသမဂ္ဂအဖွဲ့၏ အမှာစာအား UNICEF Myanmar မှ မန္တလေးတာဝန်ခံ ဦးမောင်မောင်က ဖတ်ကြားသည်။ ယင်းနောက် ကလေးငယ်များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ပေးနိုင်မည့် ဆွေးနွေးဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ပေးနိုင်မည့် ဆွေးနွေးဖလှယ်ပွဲကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Rosewood ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ကလေးဈေးလမ်းရှိ ပန်သူရိယ အနုပညာဆုံမှတ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

"မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းမှာ အမျိုးသမီးခေါင်းဆောင်တစ်ဦးအနေနဲ့ လုပ်ဆောင်နိုင်တဲ့ အစွမ်းအစတွေကို ရှုထောင့်မျိုးစုံကနေ ချပြသွားမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ကိုင်နေကြတဲ့ မြန်မာအမျိုးသမီးတွေအတွက် အခွင့်အလမ်းဖန်တီးပေးနိုင်စေဖို့ ဒီဆွေးနွေးဖလှယ်ပွဲမှာ အောင်မြင်နေတဲ့ အမျိုးသမီးတွေက သူတို့ဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ ဗဟုသုတတွေကို ပြန်လည်မျှဝေပေးသွားမှာပါ"ဟု Aust Cham မြန်မာ အလုပ်အမှုဆောင်အရာရှိချုပ် ဒေါ်ကေရီမော်က ပြောသည်။

ယင်းဆွေးနွေးပွဲတွင် အောင်မြင်ကျော်ကြားသည့် ပညာရှင်များ၊ စီးပွားရေးခေါင်းဆောင်များနှင့် မြန်မာနိုင်ငံ၏ ကျား/မ ရေးရာ တန်းတူညီမျှရေးတွင် ဦးဆောင်နေသော အမျိုးသား၊ အမျိုးသမီးများက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး အဓိက ဆွေးနွေးမည့် အကြောင်းအရာများမှာ အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာလုပ်ငန်းခွင်တွင် မတူကွဲပြားမှုနှင့် အားလုံးပါဝင်မှု၊ လက်လှမ်းမီသော ကလေးသူငယ်စောင့်ရှောက်မှု၊ သမားရိုးကျမှ ကွဲထွက်နေသော အမျိုးသမီးများ၊ အမျိုးသမီးခေါင်းဆောင်မှု တိုးတက်ရေးအတွက် ယုံကြည်မှုမြှင့်တင်ခြင်း၊ စီးပွားရေး လုပ်ကိုင်နေသော အမျိုးသမီးများအတွက် လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၊ စွန့်ဦးတီထွင်မှုနှင့် အခွင့်အလမ်းရှာဖွေမှုများအပြင် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်မှုတို့ပါဝင်ကြောင်း ဆက်လက်ပြောသည်။

ဆွေးနွေးဖလှယ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာ အပါအဝင် Wave Money ၏ အလုပ်အမှုဆောင်အရာရှိချုပ် Brad Jones၊ ရိုးမဘဏ်၏ အလုပ်အမှုဆောင်အရာရှိချုပ် Dean Cleland၊ Woodside Energy ၏ Country Manager ဖြစ်သူ Michelle Gradyတို့ ပါဝင်မည့်အပြင် မြန်မာတိုင်းမ်၏ စီးပွားရေးအယ်ဒီတာဖြစ်သူ Kang Wan Chern ၊ စူပါမော်ဒယ် စွန့်ဦးတီထွင်သူ သာမက T's Workshop နှင့် T Fitness Personal Training Application ၏ တည်ထောင်သူ သန္တာလှိုင် (ChristieMackenzie)နှင့် စိတ်ခွန်အားနှင့် ဘဝနေထိုင်မှုဆိုင်ရာ ဘလော့ဂါနှင့် Chance မြန်မာ၏ တည်ထောင်သူ ဖြိုးဖြိုးအောင်တို့လည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## နောင်ချိုမြို့နယ်ရှိ တိမ်ပင်လယ်အလှကိုခံစားကြည့်ရှုရန် ပြည်တွင်းခရီးသွားများလာရောက်

**မန္တလေး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုကြီးကျေးရွာအနီးရှိ တိမ်ပင်လယ်အလှကို ကြည့်ရှုခံစားရန် ပြည်တွင်းခရီးသွားများ စတင်ဝင်ရောက်လာနေပြီဖြစ်ကြောင်း နောင်ချိုကြီး အောက်စခန်းရှိ Cloudy Villa Camp တာဝန်ခံ ကိုမီးစက်ကြီးက ပြောသည်။



အဆိုပါ တိမ်ပင်လယ်ရှိရာ နောင်ချိုကြီးရွာသို့ မန္တလေး-လားရှိုး လမ်းပေါ်ရှိ နောင်ချို-ရပ်စောက် ကားလမ်းအတိုင်း သရက်ကုန်းရွာ အနီးလမ်းခွဲမှတစ်ဆင့် တစ်နာရီခန့် သွားရပြီး အဆိုပါ တိမ်ပင်လယ်မှာ အမြင့်ပေ ၂၄၀၀ အထက်ရှိ ဆပ်ဖာတပ်ကုန်းတောင်အောက်ခြေရှိ ဒုဋ္ဌဝတီမြစ်၏ ရေခိုးရေငွေ့များ စုပေါင်း၍ တိမ်ထုများဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဒေသခံများက ယူဆထားကြောင်း သိရသည်။

"တိမ်ပင်လယ်အလှကို ကြည့်ရှုဖို့ နိုဝင်ဘာလလယ်လောက်က စပြီး ပြည်တွင်းခရီးသွားတွေ ဝင်ရောက်နေပါပြီ တစ်ရက်ကို အနည်းဆုံး ၁၀ ဦးကနေ ဦးရေ ၁၀၀ လောက် လာရောက်မှုရှိနေတယ်။ ဒီလထဲမှာလည်း အထက်မြန်မာပြည် ဓာတ်ပုံအသင်းက တိမ်ပင်လယ်အလှဓာတ်ပုံပြိုင်ပွဲကျင်းပဖို့ ဓာတ်ပုံတွေလာရိုက်သွားခဲ့တယ်။ ဒီတိမ်ပင်လယ်အလှက အရင်ကတည်းကဖြစ်ပေါ်နေပေမယ့် လူသိနည်းတဲ့အတွက် လာရောက်ကြည့်ရှုသူမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ်တန်ဆောင်တိုင်လက လူသိများလာပြီး လာရောက်ကြည့်ရှုမှုတွေ စတင်ခဲ့တာပါ။ ဒါကြောင့် ခရီးသွားတွေ ကြည့်ရှုခံစားဖို့ အဆင်ပြေအောင် တောင်ကုန်းပေါ်မှာ နေရာစီစဉ်ထားတဲ့အပြင် ညအိပ်တည်းခိုနိုင်ဖို့လည်း ဒီနှစ် နိုဝင်ဘာလကစပြီး စခန်းငါးခုဖွင့် လှစ်ပေးထားပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါ တိမ်ပင်လယ်မှာနှစ်စဉ် နိုဝင်ဘာလမှ စတင်ဖြစ်ပေါ်ကာ ဒီဇင်ဘာနှင့် ဇန်နဝါရီလအတွင်း နေ့စဉ် နံနက် ၁၀ နာရီခန့်အထိတိမ်အထူထပ်ဆုံးအဖြစ် လှပစွာမြင်တွေ့ခံစားနိုင်ကြောင်း သိရသည်။

လက်ရှိတွင် တိမ်ပင်လယ်အလှကို လာရောက် လေ့လာကြည့်ရှုခံစားကြသည့် ပြည်တွင်းခရီးသွားများ ညအိပ်နား နေရန် စခန်းငါးခုကို နိုဝင်ဘာ ၁ ရက်မှ စတင်ဖွင့်လှစ်ထားပြီး နှစ်ယောက်အိပ် မိုးလုံလေလုံရွက်ဖျင်တဲ အလုံး ၂၀၊ လေးယောက်မှ ခြောက်ယောက်အထိ တည်းခိုနိုင်သည့် ဝါးတဲခြောက်လုံး ဆောက်လုပ်စီစဉ်ထားရှိပြီး တစ်ညလျှင် လူဦးရေ ၅၀ ကျော် တည်းခိုနေထိုင်နိုင်ကြောင်း သိရသည်။

တိမ်ပင်လယ်ကြည့်ရှုရန် ညအိပ်စောင့်ဆိုင်းတည်းခိုသူများအတွက် တစ်ညလျှင် နှစ်ယောက်အိပ်ရွက်ဖျင်တဲ တစ်လုံးအတွက် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဝါးတဲတစ်လုံးလျှင် ငွေကျပ် ၆၅၀၀၀ နှုန်းဖြင့် လည်းကောင်း သတ်မှတ်ထားပြီး နံနက်စာ ကျွေးမွေးမှုအစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို ယခုနှစ်အတွင်း ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ကျင်းပရခြင်းမှာ သက်ဆိုင်ရာဒေသများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ဖိုရမ်မှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်ရည်ရွယ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှမ်းပြည်နယ်အစိုးရတို့ ပူးပေါင်း၍ Deutsche Gesellschaft Fur International Zusammenarbeit (GIZ) ၏ ပါဝင်ကူညီမှုဖြင့် ယခုလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရှမ်းပြည်နယ်ရှိ Royal Taunggyi Hotel ၌ ကျင်းပမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကိုလည်း ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးသည် ခရီးသွားကဏ္ဍနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းများအရ ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၂၉ ဒသမ ၁၈၅ သန်း ရရှိထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားသည်။ **ငြိမ်းငြိမ်း**

✳ စာမျက်နှာ ၁၅ မှ

ဦးထွန်းဝင်းသည် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သည့်အပြင် ကျွန်ပညာရေးစနစ်ကိုလည်း ခါးခါးသီးသီးနာကြည်းသဖြင့် တက္ကသိုလ်ပညာရေးကို ရာသက်ပန် သပိတ်မှောက်ခဲ့သည်။

နောင်တွင် မိဘများလည်း ကွယ်လွန်၊ အစ်မဖြစ်သူမှာလည်း ကွယ်လွန်သဖြင့် ငါးအောက်ချောင်းမှ စဥ့်အိုးဘိုရပ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ကလေးများကို အင်္ဂလိပ်စာ သင်ပေးသည်။ အိမ်ထောင်လည်းမပြု၊ တစ်သက်လုံး လူပျိုကြီးဘဝဖြင့် နေထိုင်သွားခဲ့သည်။

၁၉၅၂ မှ ၁၉၅၆ ခုနှစ် အထိ ပုသိမ်စည်ပင်သာယာကော်မတီဝင်အဖြစ်လည်းကောင်း၊ ၁၉၅၆ မှ ၁၉၆၀ ခုနှစ် အထိ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဆရာကြီးဦးထွန်းဝင်းသည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ အသက် ၇၈ နှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

**ရာပြည့်အမှီ ခံ့ညားထည်ဝါစွာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အမျိုးသားကျောင်းသားဟောင်းများ၊ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များပူးပေါင်းကာ ကန်သာယာကို နောက်ခံပြုလျက် ပုသိမ်မြို့အဝင်လမ်းမကြီးပေါ်တွင် ဆရာကြီး၏ အထိမ်းအမှတ်ကျောက်တိုင်နှင့် အထိမ်းအမှတ်ပန်းခြံကို ၂၀၂၀ ပြည့်နှစ် အမျိုးသားပညာရေး ရာပြည့်အမှီ ခံ့ညားထည်ဝါစွာ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ရွေးချယ်ထားသောနေရာမှာ ပုသိမ်မြစ်ကူးတံတားအမှတ် (၂) သို့ သွားရာလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် မြန်မာပြည်အရပ်ရပ်မှ လာရောက်သူများ၊ နိုင်ငံခြားဧည့်သည်များ အလွယ်တကူတွေ့နိုင်၊ ဝင်ရောက်ဂါရဝပြုနိုင်သော နေရာလည်းဖြစ်ပါသည်။ ပြီးစီးမည့် အခြေအနေကို ဧရာဝတီတိုင်းဒေသကြီးသားတစ်ဦးအနေဖြင့်ရော ပုသိမ်မြို့သားတစ်ဦးအနေဖြင့်ပါ အတွေးနှင့် ကြည်နူးရင်းကြိုတင်ဂုဏ်ပြုလိုက်ရပါသည်။ ။

# မန္တလေးမြို့တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ပုသိမ်ကြီး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မြို့နယ်များမှ ပူးပေါင်းပါဝင် ကုသိုလ်ပြုနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်သာသနာရေးနှင့် လဝကဦးစီးမှူး ဦးကိုကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး လှူငယ်များလေ့ကျင့်ပေးရေးနှင့် လှူဖွယ်ပစ္စည်းများ စီစဉ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းနိုင်က မြို့နယ်အတွင်းရှိ ပရဟိတအသင်းများ၊ လူမှုရေးအသင်းအဖွဲ့များအား သံဃာအပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရေးအတွက် ချမှတ်ထားသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ကော်မတီဝင် တွဲဖက်အတွင်းရေးမှူး(၂) ဦးလှဖုန်းက ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပရဟိတ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဆိုပါလှူဒါန်းမှုများတွင် ပါဝင်၍ကုသိုလ်ပြု လှူပ်ရှားရမည့် အစီအစဉ်များကို အသီးသီးညှိနှိုင်းဆွေးနွေးခဲ့သည်။

ယမန်နှစ်က သံဃာတော်အပါး ၂၀၀၀၀ မှာ လုပ်အားပေး ၃၀၀၀ ခန့်ပါဝင်လုပ်အားပေးခဲ့ပြီး ယခုနှစ် သံဃာအပါး ၃၀၀၀၀ လုပ်အားပေး ၆၀၀၀ ခန့်မှန်းထားကြောင်း၊ မိမိတို့သဒ္ဓါတတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်သလို လုပ်အားဒါနဖြင့်လည်း ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။ **ဓာနည်ကိုကို**

# မိတ္ထီလာ၌ အခြေခံပညာ ဆရာ ဆရာမများအား သင်ကြားသင်ယူမှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်မည်



**မိတ္ထီလာ နိုဝင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့ ပူးပေါင်းကျင်းပသော သင်ကြားသင်ယူမှုစွမ်းရည်မြှင့်သင်တန်းကို ဒီဇင်ဘာလတွင် မိတ္ထီလာ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မိတ္ထီလာမြို့ အထက (၂) ခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အကြို ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ )ဒေါ်ခင်မာနှင်းက အမှာစကားပြောကြားပြီး ILBC မှ Liaison Officer ဒေါ်ခိုင်ဆွေသင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းပုံစံကို ပြောကြားသည်။

"ကျွန်မတို့နိုင်ငံရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ ပုဂ္ဂလိကအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်တာဖြစ်ပြီး ဆရာ ဆရာမတွေကို ပို့ချတဲ့ပုံစံမဟုတ်ဘဲ ဆရာ ဆရာမတွေမှာရှိပြီးသား ဗဟုသုတ၊ အတွေ့အကြုံ၊ အသိပညာတွေကို ILBC က နည်းပညာတွေနဲ့ အသိပညာအပြန်အလှန်မျှဝေတဲ့သဘောမျိုး သင်တန်းပုံစံကို ပြုလုပ်မှာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ဆွေသင်းက ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အ.ထ.က၊ အ.လ.က၊ အ.မ.က၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်များနှင့် ကျောင်းတာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ သင်ကြားသင်ယူမှုစွမ်းရည်မြှင့်သင်တန်းကို ဒီဇင်ဘာလတွင် ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပုဂ္ဂလိကကျောင်းများအပါအဝင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၃၀၀ တို့အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဂျပန် (JIP) အကူအညီဖြင့် ငုပ်လျှိုးတံတားတည်ဆောက်

**အင်းတော် နိုဝင်ဘာ ၂၀**

ဂျပန်နိုင်ငံ ဂျပန်အခြေခံအဆောက်အဦ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JIP) ဂျပန်ပရဟိတမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ငုပ်လျှိုးတံတား ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဟောင်းတုန်းကျေးရွာလေးတန်းချောင်းတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဂျပန်အခြေခံအဆောက်အဦ ပူးပေါင်းတည်ဆောက်ရွက်ရေး ဂျပန်ပရဟိတအဖွဲ့ မှ မစ္စတာနာကာအိုက ကျေးလက်နေ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးတို့ကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေရန်ရည်ရွယ်၍ အဆိုပါ ငုပ်လျှိုးတံတားကို တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်းတော်မြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးသိန်းနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းတို့က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မျိုးထွေးက ရေကျော်ရေနိမ့် ငုပ်လျှိုးတံတားဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါတံတားမှာ အလျား ပေ ၁၈၀၊ အကျယ် ၁၂ ပေ ရှိပြီး ဂျပန်အစိုးရနှင့် ပြည်သူတို့၏ထောက်ပံ့ငွေဖြင့် ဂျပန်ပရဟိတအဖွဲ့(JIP) က အကောင်အထည်ဖော်ဆောင်ရွက်ကာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ဆရာဒသစီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာ-ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း ရိုးရာလက်ဝှေ့ရုံအသေးတွင် ကျင်းပမည်ဖြစ်သည်။

လေးချီစိန်ခေါ်ပွဲတွင် ဗိုလ်မင်းဟိန်း (ကျားဖြူ) နှင့် စည်တော်ဟိန်း (ဗမာ့သွေး)၊ ဖွဲ့နိုင် (ကျားဖြူ) နှင့် ဆန်းထွန်းဦး (ဟူးကောင်းကျား)၊ ဖွဲ့ရာမာန် (ရိုးရာမာန်) နှင့် ရွှေလုလင်(ဇေယျာ)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ငါးချီစိန်ခေါ်ပွဲများတွင် ဖိုက်ကေ (ကျားဖြူ)နှင့် မင်းသစ် (ဇေယျာ)၊ ရဲသွေးနီ (တောင်ကလေး)နှင့် ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)၊ ဗျူဌ (ကျားဖြူ) နှင့် စောဒါဝိတ် (တောင်ကလေး)၊ ဖိုးသားကြီး (မန္တလေး) နှင့် ထွန်းမင်းလတ် (ထွန်းထွန်းမင်း)၊ သွေးသစ်ဝင်းလှိုင် ( မြန်မာ) နှင့် အာဝသန် (ထိုင်း) စသည့်တွဲဆိုင်းများ ထိုးသတ်မည်ဖြစ်သည်။

အဓိက တွဲဆိုင်းမှာ သွေးသစ်ဝင်းလှိုင် (မြန်မာ)နှင့် အာဝသန် (ထိုင်း) တို့တွဲဆိုင်းဖြစ်သည်။ သွေးသစ်ဝင်းလှိုင်သည် အသက်၂၃နှစ်၊ ဝိတ်တန်း ၇၁ ကီလိုဂရမ်ဖြစ်ပြီး ရိုင်ရယ်ဒီဝမ်ချိုင်းကလပ်ဖြစ်ကာ ပွဲပေါင်း ၃၅ ပွဲ ထိုးထားပြီး ၂၅ ပွဲနိုင်၊ ကိုးပွဲသရေ၊ ရှုံးပွဲတစ်ပွဲဖြစ်သည်။ အာဝသန်(ထိုင်း) သည် အသက် ၂၄ နှစ်၊ ဝိတ်တန်း ၇၁ ကီလိုဂရမ်ဖြစ်ပြီး TKO ကလပ်ကဖြစ်သည်။ ပွဲပေါင်း ၈၂ ပွဲထိုးထားပြီး နိုင်ပွဲ ၇၈ ပွဲ သရေပွဲမရှိ၊ ရှုံးပွဲလေးပွဲရှိသည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# သဘာဝ ဘေးအန္တရာယ် အသိပညာပေး

**မယ်စဲ့ နိုဝင်ဘာ ၂၀ ။** ။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကယားပြည်နယ် မယ်စဲ့မြို့နယ်ရှိ အထက (ဟိုစဲ့)နှင့် အထက (မယ်စဲ့)တို့၌ ကျင်းပသည်။

ဘောလခဲခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မင်းမင်းအေးက လူကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်နှင့် သဘာဝဘေးကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**မြောင်းမြ**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက် နံက် ၁၀ နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်စန္ဒာကြည်က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် B00k Club အဖွဲ့ဥက္ကဋ္ဌ ဦးမော်မျိုးထွန်းက တို့နိုင်ငံသမိုင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဟန်ဖြူအောင်က အမျိုးသားအောင်ပွဲနေ့ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။ **သစ္စာ**

**ဂန့်ဂေါ**

(၉၉) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ အထက်တန်းနှင့် အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၄၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုရရှိကြသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေး၊ ခရိုင်ပြန်/ဆက် Book Club ဥက္ကဋ္ဌ ဦးအောင်စိုးမင်းတို့က ဆုများချီးမြှင့်ကြသည်။ **စိန်ကျော်**



# ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံ၌ လိုအပ်သောအဝီစိတွင်း၊ ရင်ခွဲရုံတွင်ထားရှိရန် အဲကွန်းခေါင်းနှစ်ခု၊ စတီးဗီရိုစင် ၁၆ လုံး၊ ခွဲစိတ်ခန်းသုံး အထောက်အကူပြုပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၅၀၀၀၀ အား အလှူရှင်(ထိုင်ဝမ်)နေ ဦးသန်းထွန်း ဇနီး ဒေါ်ရီရီပြုံးမိသားစုနှင့် ညီအစ်ကိုမောင်နှမများက နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီက ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**



နိုဝင်ဘာ ၁၈ ရက်က လှိုင်မြို့နယ် အမှတ် (၅) ရပ်ကွက် မြရတနာလမ်း စေတနာဆွမ်းလောင်း ဓမ္မာရုံတွင် ပိတောက်ချောင်းနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သန်းလွင်စိုး မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး ဆွေးနွေးဟောပြောခဲ့ရာ ပြည်သူ ၃၀ ခန့် တက်ရောက်စဉ်။ **ကြေးမုံ**

## သတင်းစုံကဏ္ဍ

### ဗုဒ္ဓမြတ်စွယ်တော် ဂန္ဓကုဋိတိုက်သို့ပင့်ဆောင်

**နတ်တလင်း ။** ။ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ တိလောကမာရဇိန်ရွှေသာလျောင်းဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်းတစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ခုနစ်ရက်တိုင်တိုင် အများပြည်သူများ ဖူးမြော်နိုင်ရန် အပူဇော်ခံယူထားရာမှ နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီတွင် မြတ်စွယ်တော်အား ပြန်လည်ပင့်ဆောင်သည့် အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တေးသရုပ်ဖော်၊ ကဗျာသရုပ်ဖော်ပြိုင်ပွဲကျင်းပ

**ကော့သောင်း ။** ။ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တေးသရုပ်ဖော်၊ ကဗျာသရုပ်ဖော်နှင့် Role Play ပြိုင်ပွဲများကို ကော့သောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမတွင် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

မူလတန်းအဆင့် ကဗျာသရုပ်ဖော်ပြိုင်ပွဲတွင် ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းခြောက်ကျောင်းမှ အသင်းခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်ပြီး အလယ်တန်းအဆင့် တေးသရုပ်ဖော်ပြိုင်ပွဲတွင် လေးသင်းနှင့် Role Play ပြိုင်ပွဲတွင် နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **ကျော်စိုး (ကော့သောင်း)**

### ဝက်သက် - ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းဆွေးနွေး

**ကျိုက်မရော ။** ။ မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၆၊ ၂၇ နှင့် ၂၈ ရက်တို့တွင် သုံးရက်တိုင်တိုင် နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဝင်းဇော်ထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### ငရုတ်အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ

**မိတ္ထီလာ ။** ။ မိတ္ထီလာမြို့နယ် သီးတက္ကန်(မြောက်)ကျေးရွာရှိ ငရုတ်စိုက်တောင်သူများ ငရုတ်သီးအထွက်နှုန်းနည်းသော်လည်း ဈေးကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်ကငရုတ်သီးစိုက်ဧကတစ်ဧကလျှင် ပိဿာ ၂၀၀ ကျော် ၃၀၀ နီးပါးထွက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် တစ်ဧက ပိဿာ ၁၀၀ ကျော်သာထွက်ရှိသော်လည်းငရုတ်သီးခြောက် တစ်ပိဿာ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချရသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**သီပေါ ။** ။ ရှမ်းပြည်နယ်( မြောက်ပိုင်း) သီပေါမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းအေးဦးဆောင်သော သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၇ ဦး၊ အ.ထ.က (၂) မှ ၁၄၉ ဦး၊ ထ(ခွဲ)လ(၂) မှ ၁၄၂ ဦး၊ ရေဟော်ကျောင်းတိုက်ဘုန်းတော်ကြီးသင်ကျောင်းမှ ၁၀ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၈၂ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**တာပွန် ။** ။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တာပွန်မြို့ ရေကြည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မြို့လျှပ်စစ်မှူး ဦးဝင်းနိုင်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်**

# တရားမျှတနေ့စဉ်ဘဝ ခေါင်းစဉ်ဖြင့် အနုပညာပြပွဲ နိုဝင်ဘာလကုန်ထိ ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**



တရားမျှတမှု၏ အဓိပ္ပာယ်နှင့် တစ်ဦးချင်းစီ၏ အခန်းကဏ္ဍကို ပြည်သူလူထုအတွက် ရည်ရွယ်၍ ဖန်တီးတင်ဆက်သော တရားမျှတ နေ့စဉ်ဘဝ အနုပညာပြပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ Tourist Burma အဆောက်အအုံ၌ နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ပြသလျက်ရှိပြီး နိုဝင်ဘာလကုန်ထိ ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲအား မြန်မာဖန်တီးမှု အနုပညာရှင်များနှင့် ဥရောပသမဂ္ဂမှ ပံ့ပိုးပြီး ဗြိတိသျှ ကောင်စီမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် My Justice အဖွဲ့တို့ပူးပေါင်း ဖန်တီးပြသခြင်းဖြစ်ပြီး My Justice ၏ ၂၀၁၅ ခုနှစ်မှစတင်ခဲ့သော ခရီးစဉ်လေးနှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"လွတ်လပ်တဲ့ အနုပညာဖန်တီးမှုတွေဟာ မတရားမှုတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို လမ်းပြပေးနိုင်ပါတယ်။ ဒီပြပွဲအပါအဝင် My Justice ရဲ့ လုပ်ငန်းတွေကို ဥရောပသမဂ္ဂကနေ ပံ့ပိုးပေးခြင်းဟာ မြန်မာနိုင်ငံမှာ တရားမျှတမှုကို တစ်ဖက်တစ်လမ်းကနေ ကူညီမြှင့်တင်ပေးခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Kristian Schmidt က ပြပွဲဖွင့်ပွဲနေ့တွင် ပြောကြားသည်။

အဆိုပါပြပွဲတွင် လူထုအတွင်းမှ တရားမျှတမှုအကြောင်း ဇာတ်လမ်းတိုများကို တင်ဆက် ပြသထားပြီး Braveheart အဖွဲ့မှရပ်ရွာအခြေပြု ဥပဒေအထောက်အကူပေးသူတစ်ဦး ကမသန်စွမ်းသူသက်ကြီးပိုင်း တိုင်းရင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ကူညီပေးခဲ့ပုံ၊ မော်လမြိုင်မှရှေ့နေတစ်ဦးက ၎င်း၏ အမှုသည် လွတ်မြောက်ရေးအတွက် တရားလွှတ်တော်ချုပ်အထိ အယူခံဝင်ကာ အမှုနိုင်ခဲ့ပုံ အစရှိသည့်ဇာတ်လမ်းတိုများ ပါဝင်ကာ တရား မျှတမှုဆိုင်ရာ ဖန်တီးမှုအမျိုးမျိုးတို့ကို သမိုင်း၊ လွတ်လပ်ခွင့်၊ တစ်ဦးချင်း ရပ်တည်ခွင့်စသည့် ရှုထောင့်ပေါင်းစုံမှ တင်ဆက်ထားသော အနုပညာဖန်တီးမှုများကိုလည်း ပြသထားပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကိုထက်**



သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဦးဆောင်သော သီတဂူစက္ခုဒါနဆေးရုံများ၌ မျက်စိရေတိမ်ရောဂါလူနာများကုသရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၀၀ ကျော်တန်ဖိုးရှိ အမေရိကန်နိုင်ငံထုတ် မျက်စဉ်းဆေးများကို နိုဝင်ဘာ ၁၈ ရက်က မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမြအောင်ထံသို့ မင်္ဂလာတောင်ညွန့်မြို့နယ်သတင်းထောက် ဦးအောင်သန်းက လှူဒါန်းစဉ်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

### ရင်သားကင်ဆာနှင့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက ဦးဆောင်ပြီး အမျိုးသမီးကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ "ရင်သားကင်ဆာနှင့် ကနဦးစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ"ခေါင်းစဉ်ဖြင့် အသိပညာပေးပွဲကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF) ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်စုညွန့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ဒေါက်တာဒေါ်ခင်သီရိက ရင်သားကင်ဆာနှင့် ကနဦးစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF)ဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်များနှင့် အခမ်း အနားဖြစ် မြောက်အောင်ကူညီပေးသူများအား မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ ကြောင်းသိရသည်။ **တင်စိုး (ပဲခူး)**

### စည်းကမ်းမဲ့သွယ်တန်းထားသည့် ဖိုက်ဘာကြိုးများကို ရှင်းလင်းဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ကြိုးများ၊ ဆက်သွယ်ရေးကြိုးများနှင့်အတူ စည်းကမ်းမဲ့သွယ်တန်းထားသည့် ဖိုက်ဘာကြိုးများအား ရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန)လမ်းနှင့်တံတားအနေဖြင့် မြေပြင်စစ်ဆေးမှုများကိုဆောင်ရွက်လျက်ရှိပြီး လမ်းအလိုက်စစ်ဆေးလျက်ရှိရာ ပြည်လမ်းတစ်လျှောက်၊ အလုံလမ်းနှင့် Down Town မြို့နယ်များရှိလမ်းများတွင် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးနှင့်ဆက်စပ်ဆောင်ရွက်လုပ်ကိုင်နေသည့် ကုမ္ပဏီ ၁၅၀ ကျော် မှတ်ပုံတင်ထားကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လာရောက်ဆက်သွယ်ခြင်းမရှိသည့်ကုမ္ပဏီများအား တရားမဝင်သတ်မှတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ **ပွင့်သစ္စာ**



နိုဝင်ဘာ ၁၉ ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်မျိုးလွင်သည် ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ **ကြေးမုံ**

### “The Embassy of Musical Mastery” တေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် Saint – Petersburg Music House တို့ပူးပေါင်း၍ “The Embassy of Musical Mastery” တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် မြို့တော်ခန်းမ (ရန်ကုန်) Ballroom ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Cello တီးခတ်သည့် ဂီတပညာရှင် Grigory Filipchenko နှင့် Piano တီးခတ်သည့် ဂီတပညာရှင် Ivan Kalatai တို့က တီးခတ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ **မောင်လူမော်**

# မော်လမြိုင်ကျွန်း ကလေးစာပေပွဲတော် ရင်တွင်းပီတိစကားသံများ

**ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို မော်လမြိုင်ကျွန်းမြို့ အထက (၁) အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပူးပေါင်းဆောင်ရွက်ကြသူများနှင့် တွေ့ဆုံမေးမြန်းထားသည့် ရင်တွင်းပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန်း/ဓာတ်ပုံ**
**အောင်အောင်၊ ဝင်းကျော်မြင့်၊ အောင်မင်း(မြောင်းမြ)၊ မော်ကျွန်းမြင့်အောင်**

**ဦးအာကာမျိုးထက်**
**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး**



လူငယ်အားလုံးအတွက် ကလေးစာပေပွဲတော်ဟာ အင်မတန်မှလိုအပ်ပါတယ်။ ကျွန်တော်တို့ တာဝန်ရှိသူတွေကလည်း ကလေးတွေရဲ့ စာပေအသိပညာ မြင့်မားတိုးတက်ရေး၊ စာရိတ္တမဏ္ဍိုင်ခိုင်မာရေး၊ စာဖတ်လိုသည့်စိတ်ဓာတ် ရင့်သန်ခိုင်မာရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးတဲ့ ကလေးစာပေပွဲတော်ဆိုရင်လည်း မမှားပါဘူး။ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံရင်းနှီးခွင့်၊ ဆွေးနွေးခွင့်ရပြီး အတူတူ ပူးပေါင်းဆောင်ရွက် တီထွင်ကြံဆစိတ်များလည်း ဖြစ်ပေါ်လာစေပြီး နိုင်ငံတော်အတွက် အားထားရမယ့် လူကောင်းလူတော်များ ပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။

**ဦးထွန်းထွန်းဦး**
**မြို့နယ်ပညာရေးမှူး**



ကလေးစာပေပွဲတော်ကျင်းပပေးခြင်းအားဖြင့် ပညာရေးအလေ့အကျင့်ကောင်းတွေဖြစ်ထွန်းပေါ်ပေါက်လာမှာ အမှန်ပါပဲ။ ကလေးစာပေပွဲတော်မှာ ကျောင်းပေါင်းစုံဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံကြတယ်။ ကလေးကစားစရာမျိုးစုံမှာ ပါဝင်ဆင်နွှဲကစားကြမယ်။ ပြသထားတဲ့ ပညာရေးပြခန်းမျိုးစုံမှာ လေ့လာကြည့်ရှုကြတယ်။ စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲမှာ ဗဟုသုတ စာပေမျိုးစုံကို ဖတ်ရှုခွင့် လေ့လာခွင့်ရကြမယ်၊ ဒီကလေးစာပေပွဲတော်မှာ ပါဝင်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေမှာ ပျော်ရွှင်လန်းဆန်းတက်ကြွနေမှာ အမှန်ပါပဲလို့ ပြောချင်ပါတယ်။

**ဒေါက်တာလှဟန်**
**မော်လမြိုင်ကျွန်းမြို့မိမြို့ဖ**

ကျွန်တော်တို့မြို့မှာ အခုကျင်းပတဲ့ ကလေးစာပေပွဲတော်ဟာ ပထမဆုံးကျင်းပတဲ့ပွဲတော်ဖြစ်လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျောင်းပေါင်းစုံက ကျောင်းသား ကျောင်းသူတွေလည်း စာသင်ခန်းဆီမှသည် ကလေးစာပေပွဲတော်ဆီသို့ တက်ရောက်ဆင်နွှဲခွင့်ရကြတဲ့အတွက် သူတို့ရဲ့ ရင်တွင်းမှာ ဝမ်းသာကြည်နူးနေမယ်လို့လည်း ကျွန်တော် ယုံကြည်မိပါတယ်။ တစ်နည်းပြောရရင် ဒီကလေးစာပေပွဲတော်ဟာ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေး၊ စာပေနဲ့ ဗဟုသုတလေ့ကျင့်ပျိုးထောင်ရာ ပညာဗိမာန်ကြီးတစ်ခုလို့လည်း ကျွန်တော်ထင်မြင်ယူဆပါတယ်။ ဒီလိုကလေးစာပေပွဲတော်မျိုး နှစ်စဉ် နှစ်တိုင်း ကျင်းပပေးပါလို့ ဆန္ဒပြု ပြောကြားလိုပါတယ်။

**မရှူးရှူးပိုးစံ**
**လူရည်ချွန်(အဋ္ဌမတန်း) အထက(၁)**



ကလေးစာပေပွဲတော်ကျင်းပပေးခြင်းဟာ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ကောင်းသောလေ့ကျင့်ပျိုးထောင်ခြင်းများကို အစပျိုးလိုက်တာပဲလို့မြင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ အတွင်းစိတ်သန္တာန်မှာ တီထွင်ကြံဆလုပ်ဆောင်လိုတဲ့ မူလစိတ်ဓာတ်တွေ ကိန်းအောင်းနေကြပါတယ်။ အခုကလေးစာပေပွဲတော်ဟာ အလေ့အကျင့်ကောင်းတွေကိုဖော်ထုတ်လေ့ကျင့်ရာ နေရာတစ်ခုလို့ သမီးမြင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းလေ့ကျင့်မှု၊ စုပေါင်းအကောင်အထည်ဖော်မှုတွေကို ဒီကလေးစာပေပွဲတော်က ပေးစွမ်းနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**မသက်ဝေဖူး**
**လူရည်ချွန်(နဝမတန်း)အထက(၁)**



သမီးတို့ မော်လမြိုင်ကျွန်းမြို့ အထက(၁)မှာ ကလေးစာပေပွဲတော် ကျင်းပခွင့်ရတာ ဒါပထမဆုံးအကြိမ်ပါပဲ။ကြုံတောင့်ကြုံခဲကလေးစာပေပွဲတော်လို့ ပြောရင်လည်းရပါတယ်။ ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူအားလုံး ပျော်ရွှင်နေကြမယ်လို့လည်း ထင်မြင်မိပါတယ်။ ကလေးစာပေပွဲတော်ဟာ ကျောင်းသား ကျောင်းသူတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတ ပညာအမွေများပေးနိုင်လိမ့်မယ်လို့ သမီးယုံကြည်မျှော်လင့်မိပါတယ်လို့ ပြောချင်ပါတယ်။

**မအေးမြတ်မိုး**
**အဋ္ဌမတန်းကျောင်းသူ**



ကလေးစာပေပွဲတော်ကို မော်လမြိုင်ကျွန်း အထက(၁)မှာကျင်းပမယ်ဆိုလို့ သမီးတက်ရောက်ချင်တာပါ။ အခု သမီးဆန္ဒပြည့်ဝသွားပါပြီ။ ကလေးစာပေပွဲတော်မှာ စာအုပ်စာပေပြပွဲ၊စာအုပ်ဈေးရောင်းပွဲ၊ ပညာပေးပြခန်းမျိုးစုံ၊ကလေးကစားနည်းမျိုးစုံပါဝင်လို့ သမီးအတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီကလေးစာပေပွဲတော်ကနေ သမီးတို့ရဲ့ အတွေးအခေါ် အသိအမြင် ဗဟုသုတနဲ့ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားတိုးတက်မှုများကို အထောက်အကူပေးတယ်လို့ သမီးယုံကြည်ပါတယ်။ နောက်နှစ်များမှာလည်း ကလေးစာပေပွဲတော် ကျင်းပပေးဖို့ဆန္ဒပြု ပြောကြားလိုပါတယ်။

ကြေးမုံ စာအုပ်စင်



## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



### ပိုးလမ်းမကြီးပေါ်က ငြိမ်းချမ်းရေး ကြေညာစာတမ်းနှင့် အခြားသုတရသစာစုများ

စာရေးဆရာ ဥက္ကာကျော်ရေးသားသည့် ပိုးလမ်းမကြီးပေါ်က ငြိမ်းချမ်းရေး ကြေညာစာတမ်းနှင့် အခြားသုတရသစာစုများ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ငြိမ်းချမ်းရေးနှင့် ခေါင်းဆောင်ကောင်းအကြောင်း၊ မွန်မြတ်သည့်စိတ်နေစိတ်ထား ထားရှိနိုင်ရေး၊ ဆရာတော်ကြီးများ၏ ဆိုဆုံးမစကားများ စသည့် သုတရသစာစု ၁၈ ပုဒ်ဖြင့် ရေးဖွဲ့ထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




### အနာဂတ်ကို မိမိကိုယ်တိုင် ဖန်တီးဖို့လိုတယ်

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် မန္တလေးမြို့ရှိ Myanmar Convention Centre တွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၂ ရက်က ဟောပြောခဲ့သည့် အနာဂတ်ကို မိမိကိုယ်တိုင် ဖန်တီးဖို့လိုတယ် ခေါင်းစီးဖြင့် စာအုပ်ထွက်ရှိလာသည်။

မိမိတို့၏ ပတ်ဝန်းကျင် တောတောင်ရေမြေ၊ ရိုးရာယဉ်ကျေးမှု၊ လူ့စွမ်းအားအရင်းအမြစ်များကို အရယူ၍ စနစ်တကျ စီမံခန့်ခွဲပြီး အောင်မြင်တိုးတက်မှုများရရှိရန် လုပ်ဆောင်နိုင်ရေးနည်းလမ်းများအပြင် အခြားကျင့်ကြံလိုက်နာသင့်သည့်အချက်များကို ဟောပြောပို့ချထားသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။




### မြန်မာစကားပုံ ၁၀၀ (100 Myanmar Proverbs)

ဆရာထိန်လင်း (BE-Mechanical) ရေးသားသည့် မြန်မာစကားပုံ ၁၀၀ (100 Myanmar Proverbs) စာအုပ်ထွက်ရှိလာသည်။

မြန်မာစကားပုံများစွာထဲမှ အသုံးများသော မြန်မာစကားပုံတို့ကို မျိုးဆက်သစ် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ မြန်မာလိုသိရှိနားလည်စေရုံသာမက အင်္ဂလိပ်ဘာသာနှင့်ပါ ပြောဆိုတတ်စေရန်၊ လွယ်ကူစွာနားလည်နိုင်ရန်၊ အတုယူသုံးနှုန်း ပြောဆိုတတ်စေရန် ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

### လွတ်လပ်စွာထုတ်ဖော်ခွင့်၊ သတင်းသိခွင့်နှင့် သတိပြုစရာများ




စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ သတင်းသိခွင့်နှင့် သတိပြုစရာများစာအုပ် ထွက်ရှိလာသည်။

လူတိုင်းတွင် တွေးခေါ်ကြံဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ ထိုအခွင့်အရေးများတွင် နှောင့်ယှက်ဟန့်တားခြင်း တစ်စုံတစ်ရာ မရှိဘဲ လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်နှင့် နယ်နိမိတ်စည်းမျဉ်းများနှင့် မသက်ဆိုင်စေဘဲ မည်သည့်မီဒီယာမှတစ်ဆင့် အချက်အလက်များနှင့် စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာရှာဖွေခွင့်၊ လက်ခံခွင့်နှင့် တစ်ဆင့်လွှဲပြောင်းပေးခြင်းတို့ပါဝင်ကြောင်း အဆိုပါ စာအုပ်တွင် ရေးသားထားသဖြင့် မီဒီယာသမားများလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ်-၁၇၈၊ ပ-ထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။

## စပါးအသင်းက နည်းပြ ပိုချက်တီနိုကို ထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် မော်ရင်ဟိုကို ခန့်အပ်

စပါးအသင်းဟာ ထုတ်ပယ်လိုက်တဲ့ နည်းပြ ပိုချက်တီနိုရဲ့နေရာမှာ အစားထိုးဖို့အတွက် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ နည်းပြ ဟောင်းတစ်ဦးဖြစ်တဲ့ မော်ရင်ဟိုနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး လက်ရှိမှာ မော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။



စပါးအသင်းအနေနဲ့ မော်ရင်ဟိုကို ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်အထိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။ မော်ရင်ဟို ခေါ်ယူပြီး ချိန်မှာတော့ စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ် လီဗိုင်းက မော်ရင်ဟိုဟာ ဘောလုံးလောကမှာ ရှိတဲ့ နည်းပြတွေထဲမှာ အောင်မြင်မှုအရှိဆုံး နည်းပြတွေထဲက တစ်ဦးဖြစ်တယ်လို့လည်း ချီးကျူးပြောကြားခဲ့ပါတယ်။

အသက် ၄၇ နှစ်အရွယ်ရှိ ပိုချက်တီနိုကို စပါးအသင်းက နိုဝင်ဘာ ၁၉ ရက်မှာ နည်းပြ အဖြစ်ကနေ ထုတ်ပယ်လိုက်တာဖြစ်ပြီး ပိုချက်တီနိုဟာ မြောက်လန်ဒန်ကလပ် စပါး အသင်းမှာ ငါးနှစ်တာ တာဝန်ယူကိုင်တွယ်ခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။

အာဂျင်တီးနားနိုင်ငံသား နည်းပြ ပိုချက်တီနိုဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက စပါးအသင်းကို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတက်လှမ်း အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး ဗိုလ်လုပွဲစဉ် မှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာ စပါးအသင်းဟာ ခြေစွမ်းပိုင်းကျဆင်းနေပြီး ပရီမီယာလိဂ်ပြိုင်ပွဲ မှာ အမှတ်ပေးဇယားရဲ့ အဆင့် ၁၄ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အဲဒါကြောင့် ပိုချက်တီနိုကို နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပြီး စပါးအသင်းအနေနဲ့ ပိုချက်တီနို နေရာမှာ အစားထိုးဖို့အတွက် မော်ရင်ဟိုကို ရွေးချယ်ခြင်းကသာ အကောင်းဆုံးဖြစ်မယ်လို့လည်း ယုံကြည်ထားတာဖြစ်ပါတယ်။

ပေါ်တူဂီနိုင်ငံသား နည်းပြမော်ရင်ဟိုဟာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ မန်ယူအသင်းက နည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ချိန်ကတည်းက အသင်းလက်မဲ့ဖြစ်နေခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ စပါးအသင်းနည်းပြဖြစ်လာခဲ့တာဖြစ်ပါတယ်။

နည်းပြမော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်း၊ ပေါ်တိုအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အင်တာမီလန်အသင်းတို့မှာလည်း နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးတာဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ အင်တာမီလန် အသင်းနဲ့အတူ စီးရီးအေဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ရီးယဲလ်မက်ဒရစ် အသင်းနဲ့အတူ လာလီဂါဖလားတစ်ကြိမ်၊ မန်ယူအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးထားနိုင်ခဲ့ပြီး အခြားသော ပြည်တွင်းဖလားတွေကိုလည်း ရယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

## ရမ်ဆေး၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဟန်ဂေရီကို အနိုင်ရပြီး ဝေးလ်အသင်း ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်မြင်

ဝေးလ်အသင်းဟာ ယူရို ၂၀၂၀ ခြေစစ်ပွဲပွဲစဉ်ရဲ့ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ဟန်ဂေရီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ရမ်ဆေးရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ဝေးလ်အသင်း ခြေစစ်ပွဲအောင်မြင်ခဲ့ပါတယ်။

ဝေးလ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ရမ်ဆေးက ပွဲကစားချိန် ၁၅ မိနစ်နဲ့ ၄၇ မိနစ်တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ဝေးလ်အသင်းဟာ ဟန်ဂေရီအသင်းကို အနိုင်ရရှိခဲ့လို့ ရှစ်ပွဲကစားအပြီးမှာ ရမှတ် ၁၄ မှတ်ရရှိခဲ့ကာ အုပ်စုဒုတိယနေရာနဲ့ ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။

အခြားသောယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်တွေမှာတော့ ဂျာမနီအသင်းက မြောက်အိုင်ယာလန် အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ နယ်သာလန်အသင်းက အက်စ်တိုးနီးယားအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဆလိုဗက်ကီးယားအသင်းက အဇာဘိုင်ဂျန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လက်ဗီးယားအသင်းက အက်စ်တိုးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ပိုလန်အသင်းက ဆလိုဗေးနီးယားအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဘယ်လ်ဂျီယံအသင်းက ဆိုက်ပရပ်စ်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရုရှားအသင်းက ဆန်မာရီနိုအသင်းကို ငါးဂိုး-ဂိုးမရှိ၊ စကော့တလန်အသင်းက ကာဇက်စတန်အသင်းကို သုံးဂိုး-တစ်ဂိုး စသဖြင့် အသီးသီးရလဒ်တွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်များအပြီးမှာ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ချက်ဒ်၊ ဒိန်းမတ်၊ အင်္ဂလန်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ရုရှား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ယူကရိန်း၊ ဝေးလ် စတဲ့ အသင်းတွေဟာ ယူရို ၂၀၂၀ ခြေစစ်ပွဲကို တိုက်ရိုက်အောင်မြင်ခဲ့ပါတယ်။

ဘယ်လာရုစ်၊ ဘော့စနီးယား-ဟာဇီဂိုးဗီးယား၊ ဘူဂေးလ်ရီးယား၊ ဂျော်ဂျီယာ၊ ဟန်ဂေရီ၊ အိုက်စလန်၊ အစ္စရေး၊ ကိုဆိုဗို၊ မက်ဆီဒိုးနီးယား၊ နော်ဝေ၊ မြောက်အိုင်ယာလန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ စကော့တလန်၊ ဆားဘီးယားနဲ့ ဆလိုဗက်ကီးယားအသင်းတို့ကတော့ ယူရို ၂၀၂၀ ဝင်ခွင့်အတွက် play-off ကစားရဦးမှာဖြစ်ပါတယ်။




# အနုပညာ

## ၂၀၁၅ ခုနှစ်ကတည်းက ဆွမ်မန်းဒပ်စ်ကို ကြိုက်မိခဲ့ကြောင်း ကမ်မီလာကပ်ဘဲလို ဆို

ကမ္ဘာကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုဟာ လတ်တလော ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ချစ်သူ ဆွမ်မန်းဒပ်စ်အပေါ် သူငယ်ချင်းထက် ပိုခဲ့တဲ့အချိန်ကို ဖွင့်ဟပြောကြားခဲ့ပါတယ်။ ကမ်မီလာကပ်ဘဲလိုက သူ့အနေနဲ့ ဆွမ်မန်းဒပ်စ်နဲ့ တေးသီချင်းအတူ ဖန်တီးခဲ့ကြတဲ့ ၂၀၁၅ ခုနှစ်ကတည်းက သူ့အပေါ် ကြိုက်ခဲ့မိကြောင်း ဖွင့်ဟခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်မီလာကပ်ဘဲလိုဟာ လာမယ့်လအတွင်း သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်တာကြောင့် လတ်တလောမှာ သူ့ရဲ့ တေးအယ်လ်ဘမ် သစ်နဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ကမ်မီလာရဲ့ တေးအယ်လ်ဘမ်သစ် Romance ကို လာမယ့် ဒီဇင်ဘာ ၆ ရက်မှာ



စတင်ထုတ်လွှင့်သွားဖို့ ရည်ရွယ်ထားပြီး ဒီတေးအယ်လ်ဘမ်မှာ အချစ်သီချင်း တွေ ပါဝင်နေကာ ဒီတေးသီချင်းတွေမှာ ဆွမ်မန်းဒပ်စ်အတွက် ရည်ရွယ်ထားတဲ့ တေးတွေလည်း ပါဝင်နေပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်အတွက် အင်တာဗျူး မှာ ဆွမ်မန်းဒပ်စ်နဲ့ အချစ်ရေးကိုလည်း ဖွင့်ဟပြောကြားခဲ့ပြီး သူ့အနေနဲ့ ဆွမ်မန်းဒပ်စ်အပေါ် သူငယ်ချင်းတစ်ဦးထက်ပိုခဲ့တဲ့ ပထမဆုံးသော အချိန်မှာ ၂၀၁၅ ခုနှစ်အတွင်းဖြစ်တယ်လို့ ကမ်မီလာက ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုဟာ တေးသံရှင် ဆွမ်မန်းဒပ်စ်နဲ့ ပြီးခဲ့တဲ့ဇူလိုင်လအတွင်းကမှ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦး ပထမဆုံးအကြိမ် တွဲဖက်ဖန်တီးခဲ့ကြတဲ့ တေးသီချင်း “I Know What You Do Last Summer” ကို ရိုက်ကူးခဲ့စဉ်ကပင် ဆွမ်မန်းဒပ်စ်ကို သူငယ်ချင်းတစ်ဦးထက်ပိုတဲ့ သံယောဇဉ် ရှိနေခဲ့တာဖြစ်တယ်လို့ ကမ်မီလာက ဆိုပါတယ်။

ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာ ၂၀၁၄ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ သူတို့နှစ်ဦးရဲ့ ပထမဆုံးသော စုံတွဲ တေးသီချင်းဟာ အတော်လေးအောင်မြင်ခဲ့ပါတယ်။ တေးသီချင်းကို အတူဖန်တီး နေစဉ်မှာကတည်းက ဆွမ်မန်းဒပ်စ်အပေါ် ထူးခြားတဲ့ ခံစားချက်ရှိနေခဲ့ပေမယ့် နောက်ပိုင်းမှာ သူငယ်ချင်းတွေအဖြစ်သာ ခင်မင်ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းမှာ ကမ်မီလာနဲ့ ဆွမ်မန်းဒပ်စ်တို့ရဲ့ စုံတွဲတေးသီချင်းသစ် Señorita ထွက်ရှိခဲ့ပြီး ဒီတေးသီချင်းမှာ နှစ်ဦးသား ပါဝင်သရုပ်ဆောင်ခဲ့ပုံတွေ ကြောင့် ချစ်သူတွေဖြစ်နေကြောင်း ဝေဖန်ခံခဲ့ရပါတယ်။ ဒီအချိန်မှာပင် ကမ်မီလာ က သူ့ရဲ့ချစ်သူ မက်သရူးဟက်ဆေးနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့ပြီး မကြာမီမှာပင် ဆွမ်မန်းဒပ်စ်ရဲ့လက်ကိုတွဲကာ အများရှေ့ ပေါ်ထွက်လာခဲ့ပါတယ်။ နောက်ပိုင်းမှာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ ကြကာ အခမ်းအနားတွေမှာလည်း အတူတွဲကာ တွေ့ခဲ့ရတာဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## TWICE ရဲ့ ပထမဆုံးသော အင်္ဂလိပ်တေးသီချင်း ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ အဖွဲ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ ပါတယ်။ အဆိုပါတေးသီချင်းဟာ အင်္ဂလိပ်လို သီဆိုထားတာဖြစ်ပြီး ဒါဟာ အဖွဲ့ရဲ့ ပထမဆုံးသော အင်္ဂလိပ်တေးသီချင်းဖြစ်ကြောင်း အောကေပေါ့ပ် ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဂျပန်တေးအယ်လ်ဘမ် &TWICE ကို နိုဝင်ဘာ ၂၀ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီး ဒီတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေအနက် ပရိသတ်နားထောင်မှုအများဆုံး တေးသီချင်းတစ်ပုဒ်ကတော့ အင်္ဂလိပ်လို ရေးသားထားတဲ့ “What You Waiting For ?” တေးသီချင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတေးသီချင်းကို နားဆင်ခဲ့ကြတဲ့ ပရိသတ်တွေကလည်း အပြု သဘောဆောင်တဲ့ ဝေဖန်မှုတွေကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။




## ဂျန်ယန်ဟွာ အာရှတစ်လွှား ဖျော်ဖြေပွဲ ပြုလုပ်မည်

တောင်ကိုရီးယားပေါ့ပ်ကြယ်ပွင့်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျန်ယန်ဟွာဟာ မကြာသေးမီက စစ်မှုထမ်းဆောင်မှု ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ပြီးနောက် အနုပညာလှုပ်ရှားမှု တွေ ပြန်လည်လုပ်ဆောင်လာတဲ့ ဂျန်က ပထမဆုံးအနေနဲ့ အာရှတစ်လွှားက ပရိသတ်တွေနဲ့ တွေ့ဆုံသွားမှာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ CNBLUE ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်ယန်ဟွာဟာ နိုဝင်ဘာ ၃ ရက်က စစ်မှုထမ်းဆောင်မှုပြီးဆုံးခဲ့တာဖြစ်ပြီး လာမယ့် ဒီဇင်ဘာ ၇ ရက်မှာ ဆိုးလ်မှာ ဖျော်ဖြေပွဲစတင်ကာ အာရှတစ်လွှားဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ သူ့ရဲ့ ဖျော်ဖြေပွဲတွေကို ဘန်ကောက်၊ တရုတ် (တိုင်ပေ)နဲ့ မနီလာ မှာ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာ ပြုလုပ်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော် ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။

## အထူးကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးတင်မောင်လတ်(တင်မောင်လတ်-လမ်းမတော်)၏ နောက်ဆုံးခရီးတွင် ဖခင်ကြီးဘဝတစ်ပါးသို့ကူးပြောင်းချိန်မှ ဂူသွင်းမြှုပ်နှံချိန်အထိ အစစအရာရာ ကူညီမှုပေးကြပါသော ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌကြီးအမှူးပြုသော ဒါရိုက်တာဘုတ်အဖွဲ့နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာ-အိန္ဒိယ-တရုတ် အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဦးရှုပ (YP-7 Co., Ltd) နှင့် နာရေးကူညီမှုအသင်း၊ ဒီမိုကရေစီတူဒေးသတင်းစာနှင့် ရန်ကုန် မီဒီယာဂရု(ပ်)၊ အမှတ်(၃) ဒေသကောလိပ်ကျောင်းသူ/ကျောင်းသားဟောင်းများအသင်းမှ သူငယ်ချင်းများ၊ ဖခင်ကြီး၏ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဘက် မိတ်ဆွေများနှင့် ချစ်လှစွာသော တပည့်သားချင်းများ၊ ဖခင်ကြီး၏ကိုယ်ရေးအကျဉ်းသတင်းကိုထည့်သွင်းဖော်ပြမှတ်တမ်းတင်ပေးပါသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကြေးမုံ၊ မြန်မာ့အလင်း၊ မြန်မာတိုင်းမ်နှင့် ဒီမိုကရေစီတူဒေးသတင်းစာနှင့် 8 Days Web TV များမှ စာတည်းမှူးများနှင့် ဝန်ထမ်းများ၊ ဖခင်ကြီး နာမကျန်းဖြစ်စဉ်တွင် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းအေး၊ ဒေါက်တာ ဒေါ်ခင်ထားနီနှင့် အနီးကပ် နေ့/ည ပြုစုပေးကြပါသော သူနာပြုများ၊ ပုလဲကွန်ဒိုတွင် နေထိုင်ကြသော အိမ်နီးချင်းမိတ်ဆွေများနှင့် လုံခြုံရေးဝန်ထမ်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူမှုကွန်ရက်များမှလည်းကောင်း ဝမ်းနည်းစကားပြောကြား နှစ်သိမ့်မှုပေးကြပါသော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားဌာန အသီးသီးမှ မိတ်ဆွေများ၊ ဆွေမျိုး မိတ်သင်္ဂဟများနှင့် လိုအပ်သည်များကို ကူညီမှုပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ဖခင်ကြီးအားရည်စူး၍ ၂၃.၁၁.၂၀၁၉ (စနေနေ့) နံနက်တွင် အမှတ် D-1203၊ ပုလဲကွန်ဒို၊ဗဟန်းမြို့နယ် နေအိမ်တွင် ရက်လည်ဆွမ်းကျွေး၍ ကောင်းမှုကုသိုလ်ပြုမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများ ကြွရောက်နိုင်ကြပါရန် လေးစားရိုသေစွာ ဖိတ်ကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းတင် (မင်းကင်း)

**အသက်(၉၂)နှစ်**

ဦးလင်းထွန်းမြင့် (DSA-19, Intake)-ဒေါ်ခင်ဆွေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင် တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးထွန်းတင် အသက်(၉၂)နှစ်သည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဖေယျကျော်ထင် ဗိုလ်ချုပ်စန်းအောင်(ငြိမ်း)**

**ကြည်း-၉၆၉၀၊ DSA (6)**

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ (၈) မိုင်၊ ပြည်လမ်း၊ အမှတ် (၁၁၆)နေ ဒေါ်ရင်ရင်ဝိုင်း (ကျောင်းအုပ်ဆရာမကြီး၊ ဝိုင်းမွန်းတက်ဆိုရီစင်တာ)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခဒေါက်တာမိုးဝင့်အောင်(Department of Endocrinology-ဆေးတက္ကသိုလ်-၁)၊ ဦးထင်ကျော်စိုး-ဒေါ်မိုးပွင့်အောင်(မူကြိုကျောင်းအုပ်၊ ဝိုင်းရင်ခွင် Preschool)၊ ဒေါက်တာမိုးမြတ်အောင်(အစာအိမ်အူလမ်းကြောင်း ခွဲစိတ်အထူးကုဆရာဝန်)-ဒေါ်ဖြိုးမြင့်သူ တို့၏ ချစ်လှစွာသောဖခင်ကြီး ဖေယျကျော်ထင် ဗိုလ်ချုပ်စန်းအောင်(ငြိမ်း) သည် ၁၆-၁၁-၂၀၁၉ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းတင် (မင်းကင်း)**

**အသက်(၉၂)နှစ်**

ကျွန်တော်တို့ မိသားစု၏ မိတ်ရင်းဆွေရင်းဖြစ်သော ဒေါ်စန်းစန်း (တောင်သာမြို့)၏ ခင်ပွန်းဖြစ်သူ နွားထိုးကြီးမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူး(TO)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးထွန်းတင် အသက်(၉၂)နှစ်သည် ၁၈-၁၁-၂၀၁၉ရက်နေ့၌ ကွယ်လွန်ခဲ့ခြင်းအတွက် အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**ဦးဇော်မြင့်ဖေ-ဒေါ်မေခင် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးအေးညွန့်

**အသက် (၈၀)**

သူငယ်ချင်း ဦးရဲမင်းသန်း-ဒေါ်နှင်းနှင်းကိုတို့၏ မိခင် ဒေါ်အေးအေးညွန့် အသက် (၈၀)သည် ၁၈-၁၁-၂၀၁၉ ရက်နေ့ ည ၁၁:၀၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ သူငယ်ချင်းများနှင့် မိသားစုများ**

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်မူမူလှိုင် (၅၄)နှစ်

**ဒေးဒရဲအသင်းဝင်(၁၃၁၂)**

**(B.Com) ကြံ့နှစ်ကောင်ဘီလပ်မြေ**

ဒေးဒရဲမြို့၊ အေဝမ်းဆန်စက်ပိုင် (ဦးစောလှိုင်) - ဒေါ်စိမ်းမြင့်တို့၏ သမီးထွေး၊ မန္တလေးမြို့နေ ဦးမျိုးမြင့်ဆွေ-ဒေါ်မြင့်မြင့်သိန်းတို့၏ သမီးချွေးမ၊ နာယက ဦးထွန်းမြင့်၏ တူမ၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄ x ၆၅ ကြား၊ ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားနေ ဦးဇော်လင်းမြင့်၏ ဇနီးသည် ၁၆-၁၁-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၉ ရက်တွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များနှင့် မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

နိုင်ငံသလောက် ငွေကြေးဖြင့် အကောင်းဆုံး ညှိနှိုင်းဆောက်လုပ်လိုသူများ **(C.N.T ဆောက်လုပ်ရေး)** ဆက်သွယ်လိုက်ပါ။

**Ph-09-768046965**

## ဒေါ်လှလှသန်း

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ် (၂၉)၊ မဟာဗောဂလမ်းနေ (ဦးလှမြင့်-ဒေါ်သောင်းခင်)တို့၏ သမီး၊ ဦးမြင့်ဟန်၏ ဇနီး၊ မောင်စိုင်းဇော်ဟန်-မအဲဝါး(လ်)၊ မောင်စိုင်းကိုကိုမင်း-မဇာခြည်စိုးလင်း၊ မောင်စိုင်းသီဟန်အောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်လှလှသန်းသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဖေဖေ ဦးမြမောင် (၆၆) နှစ်၊ (၄၀) နှစ်ပတ်လည် (၂၁-၁၁-၁၉၇၉) နေ့ ကွယ်လွန်**

မေမေ - ဒေါ်အေးခင် (၄၀) နှစ်၊ (၂၉-၄-၁၉၅၉) နေ့ ကွယ်လွန်၊
အစ်ကိုကြီးဦးအေးမောင်(ခ)ပီတာ(၆၆)နှစ်၊(၂၅-၁၁-၂၀၀၆)ကုန်သွယ်/လယ်ယာ(ငြိမ်း)၊
မမကြီး ဒေါ်ရီရီမောင်(၇၀)နှစ် (၂၅-၂-၂၀၁၅) (ရွှေလဝင်းရောက်ယို) ကွယ်လွန်၊
အစ်ကိုကြီးဦးတင်အောင်(၇၇)နှစ်(၂၆-၃-၂၀၁၆)ကုန်သွယ်/လယ်ယာ(ငြိမ်း)ကွယ်လွန်
သား/သမီး၊ တူ/တူမ၊ မြေးတစ်စုကောင်းမှုကုသိုလ်ကို "အမျှ-အမျှ-အမျှ" ပေးဝေပါသည်။
"သာဓု - သာဓု - သာဓု" ခေါ်ဆိုတော်မူကြပါ။
ဦးတင်ဝင်း(အား/ကာ) (ပန်းဘဲတန်း) (၂၈)လမ်း၊ မိသားစု၊
ဥက္ကဋ္ဌ၊ စေတီယင်္ဂဏပရိယတ္တိမွေ့နဂ္ဂဟာအသင်းကြီး။

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မထွေး(ခ) ဒေါ်အထွေး(စစ်တွေ)

**အသက် (၈၉)နှစ်**

အထက(၁)၊ ကမာရွတ် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်၏မိခင် ဒေါ်မထွေး(ခ)ဒေါ်အထွေး (စစ်တွေ)သည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၁၀ နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၁)၊ ကမာရွတ်**
**ပညာရေးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မထွေး(ခ) ဒေါ်အထွေး(စစ်တွေ)

**အသက် (၈၉)နှစ်**

အထက(၁)၊ ကမာရွတ် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်၏မိခင် ဒေါ်မထွေး(ခ)ဒေါ်အထွေး (စစ်တွေ)သည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၁၀ နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၁)၊ ကမာရွတ်**
**မရမ်းခြံ ကျောင်းသူဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဖေယျကျော်ထင်ဗိုလ်ချုပ်စန်းအောင်(ငြိမ်း)

**ကြည်း-၉၆၉၀၊ DSA (6)**

**အသက် (၈၁)နှစ်**

ဆေးတက္ကသိုလ်(၁)၊ (Department of Endocrinology)မှ ပါမောက္ခ ဒေါက်တာ မိုးဝင့်အောင်၏ဖခင် ဗိုလ်ချုပ်စန်းအောင် အသက် (၈၁) နှစ်သည် ၁၆-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ELKA Company Limited.**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးခင်မောင်ကျော်(ငြိမ်း)

**ကြည်း ၁၆၈၁၃ (D.S.A-23)**

**အသက် (၆၁) နှစ်**

သူငယ်ချင်း ဗိုလ်မှူးခင်မောင်ကျော်(ငြိမ်း) အသက် (၆၁)နှစ်သည် ၁၉-၁၁-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**D.S.A-23rd ကျောင်းဆင်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးခင်မောင်ကျော်(ငြိမ်း)

**ကြည်း ၁၆၈၁၃ (D.S.A-23)**

**အသက် (၆၁) နှစ်**

သူငယ်ချင်း ဗိုလ်မှူးခင်မောင်ကျော်(ငြိမ်း) အသက်(၆၁) နှစ်သည် ၁၉-၁၁-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**D.S.A-23rd တပ်စု(၉)**
**အောင်ဇေယျတပ်ခွဲသူငယ်ချင်းများ**

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးစောမောင်မောင်ပန်း

**အသက်(၇၈)နှစ်**

**ဒုတိယဦးစီးမှူး (စစ်ဆေးရေး) (ငြိမ်း)**

**အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့**

အမှတ်(၆၀၆)၊ ခဝဲခြံ (၁)လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးဖိုးကျား-ဒေါ်တုကြီး)တို့၏သား၊ (Rev.ဦးစောစတေဖန်-ဒေါ်နော်သိန်း)၊ ဒေါ်နော်ငြိမ်းတို့၏မောင်၊ (ဦးစောပေတရု)၏ အစ်ကို၊ Saw Philip-နော်ရှသ၊ စောတာမလာ-နော်သန္တာအောင်တို့၏ ဖခင်၊ Saw Peter Philip၊ နော်အဲန်ဂျလင်းဝါးဝါးဖော၊ Naw Phebe Philip၊ စောအဲန်ဒြူးဝါးဝါးတောတို့၏အဘိုး၊ ဒေါ်နော်တာမလာဖော၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးစောမောင်မောင်ပန်း (သရာစောဖော)သည် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် သမိုင်းကရင်နှစ်ခြင်း အသင်းတော် ဦးရွှေနုလမ်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်မြင့်(ခ)ဦးကျော်ထွန်း

**(ဆည်မြောင်းဦးစီးဌာန)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြဇေယျာလမ်း၊ အမှတ် (၇)၊ ပထမထပ်နေ (ဦးလှမောင်-ဒေါ်မြတင်)တို့၏သား၊ (ဦးငွေအောင်-ဒေါ်စောရီ)တို့၏ သားသမက်၊ ဒေါ်နွဲ့နွဲ့ဦး၏ ခင်ပွန်း၊ ဦးခင်မောင်သိန်း-ဒေါ်နွယ်နွယ်ကျော်ထွန်း၊ (ဦးမောင်မောင်ကျော်ထွန်း)၊ ဦးညီညီကျော်ထွန်း (ခေတ္တ-KOREA)တို့၏ဖခင်၊ မကျော်နှင်းဆီ (AYA Bank ရုံးချုပ်)၊ မောင်ထက်ဝေယံ(ဆေး-၁)တို့၏ အဘိုးသည် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၂၀ နာရီတွင် ထွက်ပါမည်။ ) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းတင် (မင်းကင်း)

**အသက်(၉၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဇနီး ဒေါ်နီနီအောင်တို့၏ဖခင် ဦးထွန်းတင် အသက်(၉၂)နှစ်သည် ၁၈-၁၁-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)**
**အဆောက်အဦအထူးအဖွဲ့ (၁၃)နှင့် ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းတင် (မင်းကင်း)

**အသက် (၉၂) နှစ်**

**ဒု-ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြူနီစပါယ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင်တို့၏ ဖခင်ကြီးသည် ၁၈-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(လျှပ်စစ်) နှင့် လျှပ်စစ်ဌာနခွဲ၊**
**အဆောက်အဦဦးစီးဌာန ဝန်ထမ်းမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမျိုးအောင်

**အသက် (၅၈)နှစ်**

အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝါဝါငြိမ်း၏ ခင်ပွန်းဖြစ်သူ ၁၆-၁၁-၂၀၁၉ ရက် (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားသော ဦးမျိုးအောင်၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)၊ (၂)၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ရပ်နီးရပ်ဝေးမှ ညီအစ်ကို၊ မောင်နှမများ၊ ဆွေမျိုး မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် သတင်းမေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသောင်းမြင့်

**(သရက်ချောင်းမြို့နယ်၊ မင်းဒပ်ရွာ)**

**ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၇)ရပ်ကွက်**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ကျောင်းတိုက်၊ ရတနာမဥ္ဇူ ထားဝယ်ကျောင်းဆရာတော် ဦးပညိန္ဒ၏ ဦးလေးတော်၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မင်းဒပ်ရွာနေ (ဦးအေးမြိုင်-ဒေါ်လွန်းမေ)တို့၏ သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ အမှတ် (၃၀၉)နေ (ဒေါ်ကျင်ဥ)၏ ခင်ပွန်း၊ ဒေါ်ခင်စိုးမူ၊ ဦးနေမျိုးအောင်(Premier Coffee)-ဒေါ်ခင်စိုးနိုင် (မြောက်ဥက္ကလာပဆေးရုံ)၊ ဦးမျိုးအောင်-ဒေါ်ခင်သန်းစိုးတို့၏ ဖခင်၊ မနွယ်နီဦးဝေ၊ မချစ်စုစုသိန်းတို့၏ အဘိုးသည် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ် လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉(အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှိုင်မြင့်စန်း

**အသက်(၈၀)**

**သထုံမြို့**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ ခြံအမှတ်(၅၀၅/၆က)နေ (ဦးဘစန်း-ဒေါ်ခင်ခင်သိုက်)တို့၏ သားကြီး၊ ဒေါ်နွယ်နွယ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာ ဦးနိုင်တင့်စန်း-ဒေါ်ဝင်းမေ)တို့၏ အစ်ကို၊ Mr.Woon Tien Teck-ဒေါ်အေးချိုချိုစန်း၊ ဦးရဲမြင့်စန်း-ဒေါ်ရွှေစင်မြင့်၊ ဒေါ်နွယ်နီစန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ Ms.Woon Yong Xin၊ Mr.Andrew Woon Yong Tian၊ မောင်အာကာမြင့်စန်းတို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း**

## ဦးအေရာရှစ်(ခ) လျံခန့်နန်

**Pu Nangtesk-Mualbeem**

**(B.A-Philo)**

**အသက် (၇၃)နှစ်**

**ဦးစီးအရာရှိ (ငြိမ်း)၊ မြောက်ဥက္ကလာပမြို့နယ်၊ သမဝါယမဦးစီးဌာန**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွလ်ဘင်းရွာနေ (ဦးဗွန်နန်-ဒေါ်အင်မန်)တို့၏ သား၊ (ဦးဖေအမာမတ်-ဒေါ်ဖွားသော်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ် (၂၂၃)၊ ဓမ္မပါလလမ်းနေ (ဦးမဟာမက်အလီ)-ဒေါ်တင်တင်ဝင်းတို့၏ သား၊ ဒေါ်အုန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနန်ခန့်မန် (KBZ Bank)-ဒေါ်ခိုင်ဇင်ယု၊ ဒေါ်မန်လွန်ကျင်း (ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်ကျိန်ဒိတ်လျန် (Columbus Travel)၊ ဒေါ်ငိုလ်စန်းကျိန် (လက်ထောက်ကထိက၊ ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးဇန်လျန်းမန်၊ ဒေါ်ကျင်ရှန်ဟွဲတို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၁၁-၂၀၁၉ (စနေနေ့) နံနက် ၂:၃၀ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မွန်းလွဲတွင် ဇဟိုရ်နာမာဇ်အပြီး ရေဝေးကာဗာရ်စတန်၌ ဒါဖွာရ်နာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## နိုင်တင့်ခိုင်(ခ) နိုင်တိတ်

**အသက် (၇၀)**

**မွန်စာပေယဉ်ကျေးမှု ကော်မတီ အတွင်းရေးမှူး**

**မွန်ပြည်နယ်၊ ငြိမ်းဖောင်ဒေးရှင်း၊ ပြည်နယ်ရုံးတာဝန်ခံ (ငြိမ်း)**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ ဗဟိုလမ်းခြား၊ အမှတ် (၁၆)နေ (ဦးလုံး-ဒေါ်မှေး)တို့၏သား၊ (ဦးဟထွန်း-ဒေါ်ပိန်း)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်နွဲ့(ခ)ဒေါ်မမှင်၏ ခင်ပွန်း၊ ဦးမင်းကျော်ကျော်ဦး-ဒေါ်သန်းမြင့်၊ ဦးမင်းကြည်ဝင်း-ဒေါ်ခင်သန်းဝင်း၊ ဦးမင်းဖုန်းနိုင်-ဒေါ်မိမွန်စမ်း၊ ဦးမင်းသိုက်ထေ‌ာမွန်-ဒေါ်နီလာဦး၊ ဦးမြင့်ငြိမ်းမောင်-ဒေါ်အေးသန္တာခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ ယောက်တို့၏အဘိုး နိုင်တင့်ခိုင်(ခ)နိုင်တိတ်သည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၈:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်သန့်

**ဆက်သွယ်ရေးတိုင်းမန်နေဂျာ(ငြိမ်း)**

**အသက် (၈၀)**

မန်နေဂျင်းဒါရိုက်တာ ဦးသန့်ဇင်-ဒေါ်နှင်းနှင်းလွင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၁၉-၁၁-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Diamond Motor Co., Ltd. (Nissan)**

---

## အနိစ္စ

**လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးဟုတ်ရှိန် (၉၃)နှစ်

**လပွတ္တာ**

**သက်ကြီးကန်တော့ခံအဘိုး**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၁၃၆)၊ ရွှေဘုံသာလမ်း၊ (၆) ရပ်ကွက်နေ (ဒေါ်ခင်လှ)၏ ခင်ပွန်း၊ ဦးစိန်လျောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးတင့်ဆွေ-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိန်ငွေ-ဒေါ်ကျင်ထွေး၊ ဦးစိန်မွေး-ဒေါ်ခင်ခင်လေး၊ ဦးအောင်ကျော် - ဒေါ်ဝင်းဝင်းရှိန်၊ ဦးဝင်းကို-ဒေါ်မိနှင်းချယ်ရီတို့၏ ဖခင်သည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား သိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်ယဉ်ယဉ်ဆွေ(ခ)မကြူး

**အသက်(၅၅)နှစ်**

**အ.ထ.က(၂)**

**အလုံ(ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၅၉)၊ မြေညီထပ်နေ [ဦးသိန်းဆွေ (ကညန-ငြိမ်း)]-ဒေါ်မြင့်မေ(ခ)မြင့်မြင့်တို့၏ သမီး၊ ဒေါ်အေးအေးချို(က-ည-န ငြိမ်း)၊ ဦးမျိုးချစ်အောင်-ဒေါ်ညိုညိုသွင်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးရန်သိန်း(ငွေရေးကြေးရေးကြီးကြပ်စိစစ်ရေးဦးစီးဌာန)တို့၏ ညီမ၊ ဦးတင်အောင်မိုး-ဒေါ်ငုဝါရှိန်၊ ဒေါ်ဥမ္မာမွန်(က-ည-န၊ သာယာဝတီ)၊ ဒုရဲမှူး မြတ်သိန်းမိုး(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)- ဒေါက်တာခင်ခင်လတ် (တွဲဖက်ပါမောက္ခ ၊ ရွှေဘိုတက္ကသိုလ်)တို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ် ဒေါ်ယဉ်ယဉ်ဆွေသည် ၂၀-၁၁-၂၀၁၉ ရက် ညနေ ၃:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။ )

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်း

**အသက် (၈၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ်(၁၆၆)၊ လေးလွှာနေ (ဦးသိန်း)၏ ဇနီး၊ ဦးဝင်းမြင့်-ဒေါ်အေးနွယ်၊ ဦးငွေအောင်-ဒေါ်မြတ်မြတ်သူ၊ ဦးမောင်ချို-ဒေါ်လေးဝါမွန်၊ Capt: ငွေမောင် (Uniteam Marine Co., Ltd.)-ဒေါ်အေးမြင့်ကြူ၊ ဦးစိုးတင့်-ဒေါ်စန်းနွယ်နွယ်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဇင်မာနွယ်ဝင်း၊ မောင်စိုင်းနေလင်း၊ မောင်ကောင်းထက်၊ မဝင့်ဝါစံတို့၏ ချစ်လှစွာသော အဘွား၊ မခင်ရတနာ၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်သန်းသန်းသည် ၂၀-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁:၂၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်သန်း (ထားဝယ်)

**အသက်(၈၅)နှစ်**

**လ/ထ မြို့နယ် ပညာရေးမှူး (ဒဂုံမြို့နယ်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၂၂/က)နေ (ဦးဘရှိန်-ဒေါ်အေးမေ)တို့၏ သား၊ (ဦးသာထွန်း-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ (ဒေါ်ခင်သန်းနွဲ့၊ အထက်တန်းပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးလင်း)-ဒေါ်ဂင်စွီတို့၏ မောင်၊ Dr.ဇင်ဝင်းအောင်-Dr.အေးအေးသန့် (ကလေးအထူးကုဆရာဝန်ကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံ)၊ Dr.မျိုးမင်းအောင်-Dr.အေးမင်းသန်း၊ ဦးဉာဏ်ဖြိုးအောင်-ဒေါ်နှင်းနှင်းဆက်၊ ဦးထူးအောင်-Dr.ကျော့သန္တာအောင်၊ Dr.အောင်ထွေးဝင်း-Dr.သွဲ့သန္တာအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ ခြောက်ယောက် တို့၏ ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးအောင်သန်းသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသာထွန်း

**အထပြ ဆရာ(ငြိမ်း)**

**အထက(၂)၊ မရမ်းကုန်း၊ အလက (၂)၊ မရမ်းကုန်း**

**အသက် (၈၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်နေ (ဦးခင်မောင်-ဒေါ်စောချို)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် (၃၅)၊ ပညာ့တန်ဆောင်လမ်း၊ (၄၃) ရပ်ကွက်နေ (ဒေါ်သန်းငွေ)၏ ခင်ပွန်း၊ ဒေါ်ဝင်းဝင်းသန်း (ဆေးဝါးစက်ရုံ၊ အင်းစိန်)၊ မောင်နေဝင်းထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးသာထွန်း(အထပြဆရာ၊ ငြိမ်း)သည် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၃၉ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်သန့်

**ဆက်သွယ်ရေးတိုင်းမန်နေဂျာ (ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်လှပန်းလမ်း၊ အမှတ်(၂၁) နေ (ဦးအေးသန့်-ဒေါ်အေးရှင်)တို့၏ သား၊ ( ဒေါ်ခင်အေးကြူ)၏ ခင်ပွန်း၊ ဦးဘိုဘို(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သင်းသင်းစိုး၊ ဦးသန့်ဇင် (MD-United Diamond Motor Co., Ltd.)-ဒေါ်နှင်းနှင်းလွင်၊ ဦးအောင်မင်း-ဒေါ်သောင်းသောင်း၊ ဦးသော်တာမြင့်ဟန်-ဒေါ်စန္ဒာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မရွှန်းလဲ့ဝန်း၊ မောင်ဟိန်းသန့်၊ မဖူးပွင့်နေခြည်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀:၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးအေးဝင်း (၅၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၃)လမ်း၊ အမှတ် (၃၄)၊ မြေညီထပ်နေ (ဦးတင်ဝင်း-ဒေါ်ကျင်သိန်း)တို့၏ သမီး၊ ဦးတိုး-ဒေါ်ခင်သိန်းဝင်း၊ ဦးလှအောင်-ဒေါ်မြမြဝင်း၊ ဦးစိုးတင့်-ဒေါ်မြမြသိန်း၊ ဦးမြင့်ဝင်း-ဒေါ်မြတ်သီတာတို့၏ ညီမ၊ ဦးအောင်သိန်းဝင်း၏ အစ်မ၊ မောင်အောင်သက်ဦး-မအိန္ဒြေဖိုဖိုစန်းလွင်၊ မောင်ဖိုဖိုပြည့်စုံတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မစန္ဒီဖူးပွင့်၏အဘွား၊ ဦးစန်းလွင်၏ ချစ်လှစွာသောဇနီးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် သီရိမြိုင် (၃)လမ်း၊ အမှတ် (၃၄)၊ မြေညီထပ်၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ် ဦးစန်းလွင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်တင့် (ခ) တန်ရှုဝှါ

**အသက် (၉၅) နှစ်**

**ရွှေငါး ဒါန်သတ္တုလုပ်ငန်း ၊ အောင်မေတ္တာ ကုန်စုံဆိုင်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ အမှတ် (၁၅၆) (မြေညီထပ်) နေ (ဦးခေ့ဝမ်း-ဒေါ်ကြော့)တို့၏ သမီး၊ (ဦးဖိုးချို-ဒေါ်နီ)တို့၏ သမီးချွေးမ၊ [ဦးသိန်းဟန်(ခ)လင်အင်စင်း(ခ)ဦးဂုဏ်စိန်]၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန်၊ ဒေါ်အေးအေးစန်း-(ဦးကြည်ဝင်း)၊ ဒေါ်အေးအေးသင်း- ဦးဝင်းမောင်၊ ဦးခင်ဝင်း-ဒေါ်သန်းသန်း၊ ဦးကျော်စိုး-ဒေါ်တင်တင်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်တင့်-ဒေါ်သက်သက်ခိုင်၊ (ဒေါ်အေးအေးစိန်)- ဦးအေးသိန်း၊ ဦးကျော်သိန်း-ဒေါက်တာခင်စန်းလွင်၊ ဦးဝင်းစိန်-ဒေါ်ငွေငွေဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၇ ယောက်၊ မြစ် ၁၃ယောက်တို့၏ အဘွားသည် ၁၉-၁၁-၂၀၁၉(အင်္ဂါနေ့) ည ၇:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃. ၁၁. ၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန် (တရုတ်သင်္ချိုင်း)သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်ကြည် (ကျိုက်ထော်)

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁) ရပ်ကွက်၊ တိုက်(၉)၊ အခန်း (၃၀၃)၊ အင်ကြင်းမြိုင်အိမ်ရာနေ (ဦးသူတော်-ဒေါ်ဖွားဥ)တို့၏ သမီး၊ (ဦးအောင်စိန်)၏ ဇနီး၊ ဦးလှဦး-ဒေါ်မြင့်ကြည်၊ ဦးလှသန်း-ဒေါ်နွယ်နွယ်လင်း၊ ဦးတင်ထွန်း-ဒေါ်ခင်သန်းဝေ၊ ဦးလှထွန်း-ဒေါ်တင်တင်ဝင်း၊ ဦးလှမင်း-ဒေါ်ထားထားရီ၊ ဒေါ်ထားထားကြည်၊ ဦးဉာဏ-ဒေါ်ထားထားမြင့်တို့၏ မိခင်၊ မြေး ၁၃ ယောက်တို့၏ အဘွားသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၈:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လွင်

**စ.စ.စ (ငြိမ်း)၊ ရန်ကုန်**

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City နေ (ဦးစိန်ညွှန့်-ဒေါ်ဘေဘီ) တို့၏သား၊ ဒေါ်ခင်ရီ၏ မောင်၊ ဒေါ်ဝင်းရီ၊ ဦးသိန်းလွင်၊ ဦးမြင့်လွင်၊ ဒေါ်စန်းစန်းရီ၊ ဦးသက်လွင်တို့၏ အစ်ကို၊ ဒေါ်ကြည်ကြည်ဆွေ၏ ခင်ပွန်း၊ ဦးဘချစ်-ဒေါ်ဥမ္မာလွင်၊ ဦးလှမိုးကျော်၊ (ဦးထင်အောင်ကျော်)၊ နန်းမြတ်သန္တာလွင်တို့၏ ဖခင်သည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၁၀:၂၀ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်လှကြည်

**အသက် (၈၃)နှစ်**

ထားဝယ်မြို့၊ ပိန္နဲတောရပ်နေ (ဦးဘဒင်-ဒေါ်လွင်)တို့၏သမီး၊ အမှတ် (၃၉၂)၊ ဝါယာလက် (၃)လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးစိန်ဝေ)၏ဇနီး၊ (ဦးတင်ဆန်း)-ဒေါ်သန်းသန်းမင်း(အမက-၁၁၊ စမ်းချောင်း၊ ငြိမ်း)၊ (ဦးလှသိန်း)၊ ဦးအုံးကျော်-ဒေါ်စုစုရီ၊ (ဦးမောင်မောင်သိန်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသဇင်စိုး၊ မသီဟန်ခ၊ မောင်ညဏ်သွေးဟန်တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၁၁-၂၀၁၉ ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြကြည်

**အသက် (၇၈)နှစ်**

**(အထက်တန်းပြ၊ ငြိမ်း)**

**ထ/၃ မင်္ဂလာတောင်ညွန့်၊ ထ/၁ ပုဇွန်တောင်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ် (၇၂)၊ ပထမထပ် (A)နေ (ဦးစိန်-ဒေါ်တင်ညွန့်)တို့၏ သမီး၊ (ဦးကျော်ထွန်း)၊ (ဦးလှရွှေ)-ဒေါ်ငွေကြည်၊ (ဦးမောင်ကို)-ဒေါ်လှိုင်၊ (ဒေါ်စိန်ရီ)တို့၏ ညီမ၊ ဒေါ်လှကြည်၊ ဦးသိန်းထွန်း-ဒေါ်မာကြည်တို့၏ အစ်မ၊ တူ/တူမ ၁၉ ယောက်တို့၏ အဒေါ်သည် ၂၀-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်စိန် (ဒိုက်ဦး)

**အသက် (၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ဒိုက်ဦးမြို့၊ မေခဝီလမ်းနေ (ဦးယုံခင်-ဒေါ်ကျင်မြ)တို့၏ သား၊ ဦးမောင်ကြည် (မြို့နယ်လျှပ်စစ်မှူး၊ ငြိမ်း)-ဒေါ်ခင်သိန်း၊ (ဦးဝင်းမြင့်)-ဒေါ်တင်အေး၊ ဦးအောင်ကြည်-ဒေါ်လှမြင့်တို့၏ ညီ/မောင်၊ (ဦးဘိုတင့်)-ဒေါ်ခင်ထွေး၊ ဗိုလ်မှူးချုပ်မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ အစ်ကိုသည် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၅၂ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက်ကြီးမြို့ နေအိမ်တွင်လည်းကောင်း၊ ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့)တွင် ဒိုက်ဦးမြို့နေအိမ်သို့လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးစီးဆောင်ရွက်မည်

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ တရားစွဲဆိုခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်ဖြစ်ပါသည်။

ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုချက်ကို တုန့်ပြန်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ကျွမ်းကျင်သည့် ဥပဒေပညာရှင်ရှေ့နေကြီးများအား ငှားရမ်းထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန်အတွက် နယ်သာလန်နိုင်ငံ၊ The Hague မြို့သို့ စေလွှတ်မည့်အဖွဲ့တစ်ဖွဲ့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်သွားရောက်ရန်ရှိကြောင်း သတင်းရရှိပါသည်။

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘေရှန်ဘုရားကျောင်း၊ တာ့ပရှန်ဘုရားကျောင်းနှင့် အန်ကောဝပ်ဘုရားကျောင်းတို့သို့ သွားရောက်လေ့လာ

ဖနောင်ပင် နိုဝင်ဘာ ၂၀

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဆီရမ်ရိမြို့ရှိ ဘေရှန်ဘုရားကျောင်း၊ တာ့ပရှန်ဘုရားကျောင်းနှင့် အန်ကောဝပ်ဘုရားကျောင်းတို့သို့ သွားရောက်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဗိသုကာလက်ရာများနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဖနောင်ပင်မြို့မှ ဆီရမ်ရိမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ဆီရမ်ရိမြို့ ဒုတိယမြို့တော်ဝန် Mr. Pith Prakort နှင့် တာဝန်ရှိသူများက ဆီရမ်ရိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘေရှန်ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ရုပ်လုံးကြွပန်းချီများ၊ ရှေးဟောင်းဗိသုကာလက်ရာများနှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ၁၂ ရာစုနောက်ပိုင်း ၁၃ ရာစုအစောပိုင်း လက်ရာဖြစ်သည့် တာ့ပရှန်ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ရှေးဟောင်းအဆောက်အဦကြီးများ၊ ဗိသုကာလက်ရာများနှင့် ရှေးဟောင်းယဉ်ကျေးမှုပုံစံများ၊ နှစ်ရှည်ပင်ကြီးများမှ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

